# အောက်ကျောင်းကျေးရွာ
# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အောက်ကျောင်းကျေးရွာ၊ မင်းဘူးမြို့နယ်


(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)


၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

အောက်ကျောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဉစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀
**ကိုးကားစာရင်း** ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အောက်ကျောင်းကျေးရွာ
မင်းဘူး(စကု)မြို့နယ်

# အောက်ကျောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွနိုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွနိုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနိုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ကျေးရွာသည် မင်းဘူးမြို့နှင့်(၄)မိုင်ကွာတွင်တည်ရှိပါသည်။ အုပ်ချုပ်ရေးရုံး စိုက်ရာမင်းဘူးမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက် လက်လှမ်းမီမှုရှိပါသည်။သယ်ယူပို့ဆောင်ရေးမှာလည်းကား၊မြင်းလှည်း၊ ဆိုင်ကယ်၊သုံးဘီးစသည့် ယာဉ်များရှိသည့်အတွက် သယ်ယူပို့ဆောင်ရန်လွယ်ကူပါသည်။ ကျေးရွာအနီးတွင် တောတောင်မြစ် ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည်စပါး၊ပဲမျိုးစုံ စိုက်ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။ နှစ်စဉ်ဇရာဝတီမြစ်ရေတက်လာပါကလည်း ကျေးရွာ၏အရှေ့ပိုင်းတွင် ရေဝင်ရောက်မှုရှိသော်လည်း ပျက်စီးဆုံးရှုံးမှု နည်းပါးပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာအနီးတွင်ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းအနေဖြင့် ၁၉၇၀ခုနှစ်မှ စတင်ထုတ်လုပ်ရရှိပြီး ယနေ့၂၀၁၇ခုနှစ်ထိတိုင် ရေနံနှင့်သဘာဝဓါတ်ငွေ့များပေါကြွယ်ဝခြင်းကြောင့် မိသားစုစားဝတ်နေရေး၊သားသမီးများပညာသင်ကြားနိုင်ရေးတို့ကို ၎င်းရေနံမြေသို့ဝင်ရောက် လုပ်ကိုင်ခွင့်ရရှိသည့် ထိုဝင်ငွေဖြင့်အထောက်အကူရရှိခြင်း၊ ကျန်းမာရေးကိစ္စ များကိုလည်း အလွယ်တကူဆောင်ရွက်ခွင့် ရရှိခြင်းခံစားရသော်လည်း မိမိတို့၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း များတွင်ပြဿနာများနှင့်ရင်ဆိုင်ကြရပါသည်။ဆေးဘက်ဝင်အပင်များ ပေါများကြွယ်ဝစွာ ပေါက်ရောက်သော်လည်း သုံးစွဲခြင်းကို နားလည်တတ်ကျွမ်းမှုနည်းပါးခြင်းကြောင့် တန်ဘိုးမဲ့ဘဝသို့ ရောက်ရှိသွားကြရပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၄၄) စုနှင့်ကျား(၄၃၅)ဦး၊ မ(၅၁၃)ဦးဖြင့်လူဦးရေပေါင်း (၉၄၈)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၄%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄.၆%မျှ ပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ ယေဘူယျအားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၃၀)ရာခိုင်နှုန်းသည်ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး (၂၁.၃)ရာခိုင်နှုန်းသည် ချမ်းသာအဆင့်၊(၂၁)ရာခိုင်နှုန်းသည်အလယ်အလတ် အဆင့်ရှိသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုလက်လှမ်းမီမှု၊လယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်မှုနှင့် ကျေးရွာ စီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည် ဟုပြောနိုင်သည်။ ငွေချေးသော အိမ်ထောင်စုနှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေကြေးအသင့်အတင့် အဆင်ပြေကြပါသည်။

ယင်းတို့အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်သော လယ်သမား၊ လက်လုပ်လက်စားများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်ပါသည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မြင့်မားပြီး ၄၉ ရာခိုင်နှုန်းအထိရှိ ကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်း၊ ခေါင်းရွက်ဗျပ်ထိုး လုပ်ငန်းများနှင့် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ၄၂ စုကိုလေ့လာဆန်းစစ်မှုအရ ယင်းတို့၏၁၂ ရာခိုင်နှုန်းမှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားနိုင်ကြောင်းတွေ့ရှိရသည်။ ၃၈.၁၀ရာခိုင်နှုန်းမှာ မိတ်ဆွေထံမှ ချေးငှားပြီးနပ်မှန်စားသုံး နိုင်ကြောင်း၊၅၀ ရာခိုင်နှုန်းမှာ သူတပါးထံမှ ချေးငှားစရာမလိုဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း တွေ့ရပါသည်။ အကြွေးတင်မှုများအနေဖြင့် အိမ်ထောင်စုအားလုံးသည် အကြွေးငွေပမာဏ (၁)သိန်းမှ (၁)သိန်းခွဲထိတင်ရှိနေကြပါသည်။ အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၂)ဦးရှိပါသည်။ကျေးရွာသည် အဝေးပြေး ကားလမ်းပေါ်တည်ရှိ၍ ယာဉ်မတော်တဆမှုဖြစ်ပွားမှုများ ရှိပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ ကလေးများတွင် သွေးလွန်တုတ်ကွေးရောဂါမှာယခင်နှစ်ပိုင်းတွင်ပိုမိုဖြစ်ပွားမှုရှိကြောင်းတွေ့ရပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိ အမြင်ဗဟုသုတများ ရှိကြပါသည်။ကျေးရွာအားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက် မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး မင်းဘူးမြို့နှင့်(၄)မိုင်ခန့်ကွာတွင်တည်ရှိ၍ ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်မှ မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်၊ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုသာ အတော်အသင့်တတ်မြောက်ကြပြီး ဘွဲ့ရသူအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းလွန်ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေး ဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျား-မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရှိရပါ။အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်တူတူပင်ဖြစ်ပါသည်။ လုပ်အားခတွင်လည်း အမျိုးသားများကပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမရှိကြသော်လည်း လူမှုရေး၊ ဘာသာရေးကိစ္စများတွင်အမျိုးသမီးများ တတ်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့၊ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသောလူမှုအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင်လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီးလှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာတွင် ပြင်ပမှကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက် ပေးနေသောအဖွဲ့အစည်းအနေဖြင့် ပက်မြန်မာ၊သမအဖွဲ့ စသည့် အဖွဲ့အစည်းများ၏ထောက်ပံ့မှုများလည်း ရှိပါသည်။

## (ခ) သီးနှံထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်နှမ်း၊ကုလားပဲ၊မြေပဲနှင့်စပါးကိုအဓိကစိုက်ပျိုးကြပါသည်။မိုးစပါး စိုက်ဧက (၂၁)ဧကရှိပြီး သီးထပ်အဖြစ်ကုလားပဲ၊မြေပဲနှင့် နှမ်းတို့ကို ၁၉၃ဧကစိုက်ပျိုးကြပါသည်။ စပါးပျမ်းမျှ အထွက်နှုန်းမှာ (၁)ဧကကို ၅၈ တင်းနှင့် မြေပဲ(၁)ဧကကို ပျမ်းမျှအထွက်နှုန်းမှာ ၃၈ တင်းထွက် ရှိပါသည်။

တောင်သူအများစုမှာလုပ်သားရှားပါးမှုကြောင့်လုပ်ခငွေပိုမိုပေး၍ငှားရမ်းလုပ်ကိုင်ရသည့်အ တွက် ကုန်ကျစရိတ် ပိုမိုများပြားပါသည်။တောင်သူများအနေဖြင့်လည်း မိုးအလွန်အကျွံရွာသွန်းခြင်း များနှင့်ကြုံတွေ့ရ သည့်အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သည့် ဖျက်ပိုးများလည်းကျရောက်ခြင်း များဖြစ်ပေါ်နေသည့် အတွက် တောင်သူများအနေဖြင့်ထိရောက်သောဖျက်ပိုးနှိမ်နင်းရေး နည်းစနစ် ကိုလိုလားနေကြ ပါသည်။

မွေးမြူရေးအနေဖြင့် ကြက်၊ဝက်မွေးမြူခြင်းများရှိပြီး ရာသီအလိုက်ရောဂါ များဖြစ်ပွား နေသည့်အတွက်နည်းပညာဝန်ဆောင်မှုများလည်းလိုအပ်နေပါသည်။ မွေးမြူရေး လုပ်ငန်းကိုတိုးချဲ့ လုပ်ကိုင်နိုင်စေရန် ချေးငွေများလည်းလိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းမရှိပါ။အခြားလုပ်ငန်းများမှာ ရေနံဝန်ထမ်း၊ ပန်းရံ၊ လက်သမား၊ သယ်ယူပို့ဆောင်ရေး၊စက်ချုပ်၊ ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ အစောင့်၊ ပညာရေးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း ဟူ၍ရှိပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ အလာကောင်းတစ်ရပ်ဖြစ်သည်။ မင်းဘူးမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိသဖြင့် ကျေးရွာအတွက်အလုပ် အကိုင်အခွင့်အလမ်းများတိုးပွားလာစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချ ပေးပါရန်အကူအညီတောင်းခံခြင်းများပြုလုပ်နိုင်ပါသည်။သို့ပါသော်လည်းကျေးရွာနှင့် ရုံးချိတ်ဆက် နိုင်မှုအားနည်းနေပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင်စိုက်ခင်းများတွင်ဖျက်ပိုးနှင့်ရောဂါများကျရောက်တတ်ခြင်းကြောင့် ပိုးသတ် ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်း လာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## (င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း တစ်လပြား ၇ပနှုန်းဖြင့်တစ်ဧက (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး၁၀ဧကချေး ယူနိုင်ကြပါသည်။ ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုရှိပါသည်။ လယ်ယာကုန်ထုတ်သမ အသင်းရှိနေသည့်အတွက် ငွေကြေးလက်လှမ်းမီမှုမှာ အဆင်ပြေစေပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီးကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားလျှက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးတင်ရှိမှုအနေအထားကို လေ့လာ ဆန်းစစ်ချက်အရ ပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူ ထားကြကြောင်းတွေ့ရှိရပါသည်။အကြွေးငွေ(၁)သိန်းကျပ်မှ (၁)သိန်းခွဲကျပ် အထိချေးယူထား ကြောင်း တွေ့ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင်ရှိပြီးအသင့်အတင့် ကောင်းမွန်ပါသည်။ ရွာသား အားလုံးမှာ ရေးတတ်ဖတ်တတ်ကြပါသည်။ မူလတန်းတွင် (၁၇၄)ဦး၊ မူလတန်းလွန်ကျောင်းတွင်(၁၀၆)ဦးရှိသဖြင့် တပည့်ဆရာအချိုးမျှတပါသည်။ ကျောင်းတွင် ပရိဘောဂပစ္စည်း လုံလောက်မှု ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ လျှပ်စစ်မီးရရှိသောကျေးရွာ ဖြစ်သည့်အလျောက် အအေးခန်းဖြင့်သိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင် ပါသည်။

ကျေးရွာသည်ရေငံသာထွက်သည့်အတွက် ရေနံမြေပိုက်လိုင်းမှပေးသည့် ရေကို အခကြေးငွေ ဖြင့် သောက်သုံးရေကိုဝယ်ယူအသုံးပြုနေရပါသည်။ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်း ကိုအုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများကဝါးရိုင်ပတ်ဖြင့် ဆောက်လုပ် သုံးစွဲကြသည်။ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်းဖြင့် ရေကြောင့်ဆက်စပ်ဖြစ်သောရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်းအိမ်သာစနစ်တကျ ဆောက်လုပ်ထားပြီး အသုံးပြုရန်အတွက်လုံလောက်မှုမရှိပါ။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေနိုင်သည့်နေရာများ လက်လှမ်းမီမှုနရှိပါ။ ကျေးရွာရှိလူငယ် များအနေဖြင့် ဘာသာရေး၊လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် လည်းပါဝင်ဆောင်ရွက်မှုများရှိကြပါသည်။

### (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး လမ်းအရှည်မှာ(၁)မိုင်ဖြစ်ပါသည်။ ထော်လာဂျီများကိုအသုံးပြုမောင်းနှင်ကြပါသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲလမ်းပန်း ဆက်သွယ်ရေး အတွက် မော်တော်ဆိုင်ကယ်(၂၀၂)စီး၊ကား(၉)စီး၊ နွားလှည်း(၃၃)စီး၊ ထော်လာဂျီ(၆)စီးတို့ကို အသုံးပြုလျှက်ရှိပါ သည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စု အားလုံး၏ ၅၀ရာခိုင်နှုန်းခန့်သည် သွယ်တန်းအသုံးပြုလျှက်ရှိပါသည်။ကျန်အိမ်ထောင်စုများမှာအလင်းတိုင်နှင့် မီးအိမ်ကိုသာ အသုံးပြု နေကြရပါသည်။ကျေးရွာတွင် စာကြည့်တိုက် ရှိပါသည်။ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်းဝယ်ယူဖတ်ရှုကြပြီးတစ်ရွာလုံး၏အတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရပါသည်။

### (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသူ/သားများသည်တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါ ကူညီစောင့်ရှောက်ပေးနိုင်ရန် အရံမီးသတ်တပ်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာတွင်မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပံ့ပိုး ထားသောဆိုလာသုံးစနစ်နှင့်ရွာဘုံမီးစက်ကိုသာ သုံးစွဲခြင်းကြောင့် ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်ပံ့ဖြစ်ခြင်းကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်ကူ ပြုနေပါသည်။

လူငယ်ပညာတတ်များနည်းပါးပြီး လူဦးရေအားလုံး၏၆၄.၁၄ရာခိုင်နှုန်းမှာ အလုပ်လုပ် နိုင်သည့်အရွယ်များဖြစ်ကြပါသည်။ဘွဲ့ရအရေအတွက်အနည်းငယ်သာရှိပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် အလွယ်တကူလက်လှမ်းမီပါသည်။ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှု အတွက်လည်း မင်းဘူးမြို့နှင့် မကွေးမြို့များသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင်မွေးမြူရေးအနေဖြင့် တနိုင်တပိုင်နွားမွေးမြူသည့် အိမ်ထောင်စု၊ တနိုင် တနိုင်တပိုင်ဝက်မွေးမြူသည့်အိမ်ထောင်စုတို့သာရှိပါသည်။မွေးမြူရေးအတွက် နည်းပညာပိုင်းဆိုင် ရာ ပံ့ပိုးမှုများလည်း လိုအပ်နေပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီ အသုံးပြုနိုင်ကြပြီးအင်တာနက်အသုံးပြုနိုင်မှုမှာလည်း အသင့်အတင့်သာ ချိတ်ဆက်အသုံးပြုနိုင်ကြ သည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံ ဇာတများမထွက်ရှိပါ။လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။

တောင်သူများအနေဖြင့် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများနှင့်မှိုရောဂါ အခြား ရောဂါများလည်း စိုက်ခင်းတွင်ကျရောက်တတ်သဖြင့်အခက်အခဲများကြုံတွေ့နေရပါသည်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများကိုရရှိအောင်ဆောင်ရွက် ပေးသင့်ပါသည်။တောင်သူများအနေဖြင် ဘက်စုံပိုးမွှားနှင့် ရောဂါနှိမ်နင်းရေးကိုအထောက်အကူ များရရှိရန်လိုအပ်နေပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးခြင်း၊ မွေးမြူခြင်းဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ခြင်းမှ တဆင့်ဝင်ငွေရှာဖွေ နိုင်စွမ်းနှင့် စီးပွားရေးအနေ အထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာဖွံ့ဖြိုးလာစေခြင်း၊ စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးဆိုင်ရာများကောင်းမွန်လာခြင်း၊ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်စီမံအုပ်ချုပ်မှုစနစ် ကောင်းမွန်လာစေခြင်းဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက် လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာတွင် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စိုက်ပျိုးလုပ်ကိုင်သော တောင်သူလယ်သမားများအတွက် လယ်နှင့် ယာမခွဲခြားဘဲ စိုက်ပျိုးစရိတ်တန်းတူရရှိအောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကို တိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားမည်။ မွေးမြူရေးအတွက် တိမွေးကုဦးစီးဌာနနှင့် ချိတ်ဆက်၍ မွေးမြူရေးကဏ္ဍဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာအတွက် ဆောင်ရွက်သွားမည်။ ပညာရေးအတွက် လိုအပ်သည့်အကူအညီများ ၊သင်ထောက်ကူပစ္စည်းများရရှိရန်အတွက် ပညာရေးဦးစီးဌာနနှင့် ပြင်ပအဖွဲ့အစည်းများထံမှ ရရှိနိုင်စေရန် ဆောင်ရွက်သွားမည်။ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေရန်လည်း ဆောင်ရွက်သွားမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များဖွံ့ဖြိုးရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် သင်တန်းများဖွင့်လှစ်ပေးခြင်းများ ပြုလုပ်သွားမည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာတွင်စီမံအုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်လာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးသင်တန်းများ၊စီမံအုပ်ချုပ်မှုသင်တန်းများတက်ရောက်နိုင်စေရန်ဆောင်ရွက်သွားမည်။

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို

နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင်ကုလားပဲကို သီးထပ်စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်လိုအပ် သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် ပုဂ္ဂလိကအရောင်းဆိုင် များကိုမှီခိုနေရပါသည်။ သီးနှံဖျက်ပိုး များသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြသည့်အတွက် ဝင်ငွေလျော့နည်းနေကြရပါသည်။ထို့ကြောင့်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရန်လိုအပ် နေပါ သည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် ယာတောင်သူစိုက်ပျိုးစရိတ်ချေးငွေတန်းတူရရန်လိုအပ်နေပါသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများရှိပါသည်။ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုး ဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များမတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြုအဖွဲ့တခုထူထောင်ပြီး ဝန်ဆောင်မှုရရှိအောင်ဆောင်ရွက် ပေးသင့်ပါသည်။ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေ လည်းရှိရပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ***စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရကဏ္ဍ*** | | | | | |
| မိသားစုဝင်ငွေတိုးပွားလာစေရန် | အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေရန် | ၆၆ | ၄ | -ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကိုးအကားဖြင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်း<br>-လွှတ်တော်ကိုယ်စားလှယ်များမှတဆင့်တင်ပြခြင်း<br>-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအကူအညီဖြင့်အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | ကျေးလက်ဦးစီး |
| ***ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ*** | | | | | |
| ချေးငွေလုံလောက်စွာရရှိရေး | ဘဏ်များငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်နိုင်ရန်စီစဉ်ခြင်း | ၄၃ | ၈ | -လုပ်ငန်းအလိုက်ကျစ်လစ်ခိုင်မာသည့် ငွေကြေးဆိုင်ရာအစုအဖွဲ့များပြုစုပျိုးထောင်ပေးခြင်း<br>-ပြင်ပငွေကြေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်မည့် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာပံ့ပိုးမှုများတောင်းခံခြင်း<br>-အကျိုးတူကန်ထရိုက်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ပံ့ပိုးမှုများ | |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် | စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် | ၄၈ | ၆ | -စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများပြုလုပ်ဆောင်ရွက်ခြင်း<br>-မျိုးကောင်းမျိုးသန့်များဝယ်ယူရန်စီစဉ်ဆောင်ရွက်ခြင်း<br>-စက်မှုလယ်ယာဦးစီးနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-စက်ကိရိယာများအရစ်ကျဝယ်ယူဌားရမ်းချိတ်ဆက်ဆောင်ရွက် ခြင်း | စိုက်ပျိုးရေးဘဏ် |

| | | | | | |
|---|---|---|---|---|---|
| ***မွေးမြူရေးကဏ္ဍ*** | | | | | |
| မွေးမြူရေးကဏ္ဍတိုးတက်လာစေရန် | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၇၁ | ၃ | -တိရစ္ဆာန်မွေးမြူရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ စနစ်တကျမွေးမြူခြင်း<br>-ရောဂါကာကွယ်ဆေးထိုးနိုင်ရေးအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>-ခေတ်မှီမွေးမြူရေးစနစ်များရရှိရန်ဆောင်ရွက်ခြင်း<br>-မွေးမြူရေးအတွက် ချေးငွေများရရှိရန်ပြင်ပအဖွဲ့ အစည်းများ၏အကူအညီတောင်းခံခြင်း | တိမွေးကုဦးစီးဌာန |
| ***ကျန်းမာရေးကဏ္ဍ*** | | | | | |
| ကျန်းမာရေးကဏ္ဍတိုးတက်လာစေရန် | ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုရရှိရန်ဆောင်ရွက်ခြင်း | ၅၅ | ၅ | -ကျန်းမာရေးအကျိုးဆောင်အဖွဲ့ဖွဲ့၍ ရာသီအလိုက် ရောဂါများကြိုတင်ကာကွယ်နှိုးဆော်ခြင်းများပြုလုပ်ခြင်း<br>-ကျန်းမာရေးပညာပေးနှင့်သင်တန်းများပြုလုပ်ပေးခြင်း<br>-ကျေးလက်ဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်း<br>-ကျေးလက်ဆေးပေးခန်းဆိုင်ရာအထောက်အကူ ပစ္စည်းကိရိယာများဆေးဝါးများနှင့်ဝန်ထမ်းများရရှိအောင်တောင်းဆိုခြင်း | တိမွေးကုဦးစီး |
| ***စီမံအုပ်ချုပ်မှုကဏ္ဍ*** | | | | | |
| ကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် | ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်မားလာစေရန် | ၄၇ | ၇ | -ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြင့်အစီအစဉ်များလုပ်ဆောင်ခြင်း<br>-ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြုကော်မတီများစနစ်တကျဖွဲ့စည်းခြင်း<br>-ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ အဆောက်အဦးနှင့် သင်ထောက်ကူပစ္စည်းများရရှိခြင်း | ၁ | | — | — | | |
| ၂။ မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၂ | | — | — | — | — |
| ၃။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ရန် တင်ပြတောင်းဆိုခြင်း | ၃ | | — | — | | |
| ၄။ ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုရရှိရန်ဆောင်ရွက်ခြင်း | ၄ | | — | — | — | |
| ၅။ စိုက်ပျိုးရေးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးဆောင်ရွက်ခြင်း | ၅ | | — | — | — | — |
| ၆။ ကျေးရွာအဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း | ၆ | | — | | — | |
| ၇။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇ | | — | — | — | — |
| ၈။စိုက်ပျိုးရေးချေးငွေများလုံလောက်စွာရရှိအောင်ဆောင်ရွက်ခြင်း | ၈ | | — | — | — | — |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏

ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | အဆောက်အဦးနှင့် သင်ထောက်ကူပစ္စည်း များရရှိခြင်း | ၃၀၀ | ၃သိန်း | ၂၇၂ သိန်း | ၂၀ သိန်း | ၅ သိန်း |
| ၂ | မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း | ၅၀၀ | ၃သိန်း | ၄၈၂ သိန်း | ၁၀ သိန်း | ၅ သိန်း |
| ၃ | အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက် လာနိုင်ရန် တင်ပြတောင်းဆိုခြင်း | ၆၀၀ | ၄သိန်း | ၅၄၁ သိန်း | ၅၀ သိန်း | ၅ သိန်း |
| ၄ | ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှု ရရှိရန်ဆောင်ရွက်ခြင်း | ၅၀၀ | ၃သိန်း | ၄၇၇ သိန်း | ၁၅သိန်း | ၅ သိန်း |
| ၅ | စိုက်ပျိုးရေးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုး ဆောင်ရွက်ခြင်း | ၃၀၀ | ၃သိန်း | ၂၇၂ သိန်း | ၂၀ သိန်း | ၅ သိန်း |
| ၆ | ကျေးရွာအဖွဲ့အစည်းများအား စွမ်းဆောင် ရည် မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း | ၂၀၀ | ၃သိန်း | ၁၈၂ သိန်း | ၁၀ သိန်း | ၅ သိန်း |
| ၇ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း | ၅၀၀ | ၄သိန်း | ၄၈၁ သိန်း | ၁၀ သိန်း | ၅ သိန်း |
| ၈ | ၈။စိုက်ပျိုးရေးချေးငွေများလုံလောက်စွာရရှိ အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၂သိန်း | ၈၇ သိန်း | ၈ သိန်း | ၃ သိန်း |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ

အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ | ၀.၆၃ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၃၀ | ၅၀ | ၅.၂၇ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၅ | ၂၆ | ၆၁ | ၆.၄၃ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၉ | ၅၁ | ၉၀ | ၉.၄၉ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၂ | ၃၂၆ | ၆၀၈ | ၆၄.၁၄ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၆ | ၇၇ | ၁၃၃ | ၁၄.၀၃ |
| **စုစုပေါင်း လူဦးရေ-၉၄၈** | | **၄၃၅** | **၅၁၃** | **၉၄၈** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု -၂၄၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၉ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။…ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၄၄)အိမ်ထောင်စု ရှိပါသဖြင့် (ကျား)စုစုပေါင်း(၄၃၅)ဦးနှင့် (မ)စုစုပေါင်း(၅၁၃)ဦး ၊ လူဦးရေစုစုပေါင်းမှာ (၉၄၈)ဦးရှိပါသည်။ ၁နှစ်အောက်ကလေး ၀.၆၃%၊ ၁နှစ်မှ၅နှစ်အောက် ၅.၂၇%၊ ၅နှစ်မှ၉နှစ်အထိ ၆.၄၃%၊ ၉နှစ်အထက်မှ၁၅နှစ်အထိ ၉.၄၉%၊ ၁၅နှစ်အထက်မှ ၉၀နှစ်အထိ ၆၄.၁၄%နှင့် ၆၀နှစ်နှင့်အထက် ၁၄.၀၃%ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ၆၄.၁၄% ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကျရောက်လာပါက တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၃.၉%သာရှိသောကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသော လူဦးရေအောက် လျော့နည်းနေပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၄ | ၁၈.၁၈ | ၅၄ | | တောင်သူ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅၃ | ၂၁.၉၀ | ၆၄ | ၃၈ | လယ်ယာမြေများတွင် အငှားလိုက်ခြင်း |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂.၈၉ | ၁၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၄.၁၃ | ၁၀ | ၉ | လက်သမားအငှားလိုက်ခြင်း |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၈၃ | ၂ | | စက်ကိရိယာတီဗွီ၊ စက်ဘီးပြင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၂၄ | ၃ | | စက်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၈.၂၆ | ၂၄ | ၁၅ | အိမ်ဆိုင်၊ ခေါင်း ရွက်ဈေးသည် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၃ | ၅.၃၇ | ၁၃ | ၂၀ | မင်းဘူးမြို့ရှိဈေးဆိုင်များတွင် အငှားလိုက်ခြင်း |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၂.၀၇ | ၅ | | မြင်းလှည်းမောင်း၊ ကားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁.၂၄ | ၃ | ၁ | ရဲဝန်ထမ်း |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၁.၆၅ | ၄ | ၃ | ကျောင်းဆရာ/ဆရာမ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ဝ.၄၁ | ၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၆၀ | ၂၄.၇၉ | ၆၅ | ၈၃ | |
| | **စုစုပေါင်း** | **၂၂၅** | **၉၉.၉၉** | **၂၅၉** | **၁၇၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်တောင်သူများအနေနှင့် မိသားစုအလိုက် ဆောင်ရွက်ခြင်း၊ ပေါင်းမြက်သင်ချိန်တွင် အငှားကူလီများနှင့် ငှားရမ်းဆောင်ရွက်၍ သီးနှံများရိတ်သိမ်း၊ထုတ်လုပ်ကြရပါသည်။ ကျေးရွာရှိ မိသားစုဝင်အချို့သည် မွေးမြူရေးလုပ်ငန်းအား တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ကျေးရွာတွင် လက်သမားဆရာကြီး (၄)ဦးရှိ၍ အချို့အလုပ်လက်မဲ့မိသားစုများ၊ အကူလက်သမားအဖြစ်မိသားစုဝင်ငွေရရှိအောင် လုပ်ကိုင်ကြပါသည်။ အချို့သော အိမ်ထောင်စုဦးစီးများအနေနှင့် အသက်မွေးဝမ်းကျောင်းအဖြစ် ဆိုက်ကယ်ပြင်ဆိုင်ထွက်ခြင်း၊ အမျိုးသမီးများအနေနှင့်မိသားစုဝင်ငွေရရှိစေရန် စက်ချုပ်ဆိုင်ဖွင့်ခြင်း၊ လူအများစုမှာ ကူလီလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းရှာရသူအများအပြားရှိနေပါသည်။ MPRL ကုမ္ပဏီများတွင် ဝန်ထမ်းလုပ်ကိုင်သူများလည်းရှိကြပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၁၅၀၀ | ၁၀၀၀ | လယ်ကူလီများ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် | နေ့စား | | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၀၀၀ | လက်သမားလုပ်ငန်း |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | ၅၀၀၀ | ၂၅၀၀ | စက်ချုပ်လုပ်ငန်း |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်အရ ငှားရမ်းခိုင်းစေမည်ဆိုပါက တောင်သူများအနေဖြင့် အမျိုးသားတစ်ဦးလျှင် ၃၀၀၀၊ အမျိုးသမီး တစ်ဦးလျှင်၂၀၀၀နှင့် အနည်းဆုံးလုပ်ခငွေမှာ အမျိုးသား၁၅၀၀၊ အမျိုးသမီး၁၀၀၀ဖြစ်ပြီး လက်သမားတစ်ယောက်တစ်ရက်လျှင် ၈၀၀၀နှင့် အမျိုးသမီးတစ်ရက်လျှင် ၄၀၀၀၊ အနည်းဆုံး နေ့စားနှုန်းမှာ အမျိုးသား၄၀၀၀နှင့် အမျိုးသမီး ၂၀၀၀နှုန်းငှားရမ်းသုံးစွဲရပါသည်။ စက်ချုပ်လုပ်ငန်း၏ တစ်နေ့ဝင်ငွေမှာ အများဆုံး ၅၀၀၀နှင့် အနည်းဆုံး ၂၅၀၀ဝင်ငွေ ရရှိမည်ဖြစ်ပါသည်။

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၁ | သင့် | အနည်းအကျဉ်း | ၂၁ |
| ယာမြေ /တောင်ယာ | ၇၀.၇၅ | သင့် | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၁၂၃ | သင့် | မရ | မရ |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၂၁၄.၇၅** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အတွက် လယ်မြေအနေဖြင့်အိုင်းမဆည်မှပေးလွှတ်သော တောင်မန်းမြောင်းရေသောက် စိုက်ပျိုးခြင်း ဖြစ်ပါသည်။ စိုက်ရာတွင် မြောင်းများဖြစ်နေခြင်းကြောင့် စပါးအောင်ရေရရှိမှုမှာ နှစ်စဉ်အခက် အခဲကြုံတွေ့ရသဖြင့် တောင်သူများဆုံးရှုံးနစ်နာသော နှစ်များအများအပြားတွေ့ကြုံရပါသည်။ နှမ်း၊ မြေပဲ၊ ပဲစိမ်းငုံသီးနှံများ စိုက်ပျိုးသောရာသီမှာ ဇူလိုင်လမှ အောက်တိုဘာလအတွင်း စိုက်ပျိုး သော သီးနှံဖြစ်၍ ရာသီဥတုကို အခြေခံစိုက်ပျိုးရသော သီးနှံဖြစ်ခြင်းကြောင့် ရာသီဥတု မှန်ကန်မှု ရှိမှသာ တောင်သူအကျိုးပြုသည်ကို တွေ့မြင်ရကြောင်း ရာသီဥတုမမှန်ကန်လျှင် ဆုံးရှုံးခဲ့သည်များ ရှိကြောင်း ဆောင်းသီးနှံအား ဧရာဝတီရေနစ်မြုပ်သော မြေကွက်များအား ကုလားပဲ၊ မြေပဲ၊ နေကြာ သီးနှံများ စိုက်ပျိုးကြသည်။ ဆုံးရှုံးမှုနည်းပြီး အကျိုးအမြတ် ဖြစ်ပေါ်ခံစားရပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | များ | |
| အခြား ရင်းမြစ်များ | သင့် | လက်လှမ်းမမီ |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မိမိရွာ၏ အနီးနားတွင် ရေနံနှင့်သဘာဝ ဓါတ်ငွေ့လုပ်ငန်းအနေနှင့် ၁၉၇၀ခုနှစ်မှ စတင်ထုတ်လုပ်ရရှိပြီး ယနေ့၂၀၁၆ခုနှစ်ထိတိုင် ရေနံနှင့် ဓါတ်ငွေ့များပေါများကြွယ်ဝသောဒေသဖြစ်ခြင်းကြောင့် မိသားစုများ၏ စားဝတ်နေရေးများ၊ သားသမီးများပညာသင်ကြားနိုင်ရေးတို့ကို ၎င်းရေနံမြေသို့ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိသည့်အတွက် ထိုဝင်ငွေဖြင့် အထောက်အကူရရှိခြင်း၊ ကျန်းမာရေးကိစ္စများကိုလည်း အလွယ်တကူဆောင်ရွက်ခွင့်ရရှိခြင်းခံစားရသော်လည်း မိမိတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးလုပ်ကိုင်ရာတွင် ဆိုးရွားသော ပြဿနာများရင်ဆိုင်ကြရပါသည်။မြေဆီလွှာပျက်စီးခြင်း၊ မြေဆီလွှာပျက်စီးရခြင်းမှာ ရေနံတူးဖော်ခဲ့စဉ်ကမြေလွှာမျ ားကို မြေထိုးကားများဖြင့် မြေညှိခြင်း၊ ၎င်းညှိထားသော မြေပြင်အား မြေနီကျောက်များခင်းခြင်း၊ ကယ်မီကယ်ပစ္စည်းများသုံးစွဲမှုများပြားသည့်အတွက် ရေနံနှင့် ဓါတ်ငွေ့ထွက်သော ဒေသများအနေနှင့် အကောင်း၃၀ရာခိုင်နှုန်းရှိပြီး မြေအရင်းအမြစ်များသည် ၇၀ရာခိုင်နှုန်းဆုံးရှုံးသွားသည်ကို တွေ့ကြုံခံစားရပါသည်။ ဆေးဝါးကုန်ကြမ်းများ ပေါများကြွယ်ဝစွာပေါက်ရောက်သော်လည်း သုံးစွဲခြင်းကို နားမလည်၊ မတတ်ကျွမ်းသဖြင့် ထိုဆေးပင်များမှာ တန်ဖိုးမဲ့အပင်ဘဝသို့ ရောက်ရှိသွားရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၈ | ၂-၃ | မရှိ | မရှိ |
| အိမ်အခြေအနေ | အောက်ခံတိုက် | ပျဉ်ထောင် | ၃ပင်အိမ် | တဲအိမ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ရေစုပ်စက်၊ လက်တွန်းထွန်စက်၊ထွန်စက် အလတ်စား | လက်တွန်း ထွန်စက် | နွားလှည်း | ပေါက်တူး၊ တူရွင်းပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | တီဗွီ၊ ဖုန်း၊ ကား၊ ရေခဲသေတ္တာ၊ ဆိုင်ကယ်၊ စက်ဘီး၊စလောင်း | ဆိုင်ကယ်၊ ရေခဲ သေတ္တာ၊ စက်ဘီး | စက်ဘီး၊ ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ/ဝန်ထမ်း | တောင်သူ/ ဝန်ထမ်း | ကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | - |
| အိမ်ထောင်စု - | ၅၂ (၂၁.၃၀%) | ၅၁ (၂၁%) | ၆၀ (၂၄.၆၀%) | ၈၁ (၃၃.၂၀%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် ယခင်အခါက မိသားစုတစ်ခုချင်းအလိုက် ပိုင်ဆိုင်မြေများလုံလောက်မှုရှိခဲ့ပါသည်။၁၉၇၀ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းရေနံတွင်းများတူးဖော်ခြင်းကြောင့် လယ်ယာမြေများ ဆုံးရှုံးလျော့နည်းသွားခဲ့ရပါသည်။ ယာမြေဧက ၃၅၀ဧကခန့်ထဲမှ ရေနံသိမ်းဆည်းမြေ ၂၈၀ဧကခန့်ရှိသည့်အတွက် မိမိတို့ပိုင်ဆိုင်မြေသည် ကျေးရွာတစ်ရွာလုံး အနေနှင့် ယာမြေ၇၀ဧကသာပိုင်ဆိုင်တော့သည့်အတွက် မြေဧရိယာနည်းပါးခြင်းဖြစ်ပါသည်။ ကျန်မြေဧက၁၂၃ဧကသာလျှင် ရှိတော့သည့်အတွက် မြေရှိသူတောင်သူ အနည်းစုသာလျှင် တောင်သူသုံးကြိယာများရှိကြပါသည်။ ဤကဲ့သို့ကျေးရွာမှာ မြေရှင်မှမြေယာမဲ့ဘဝသို့ ရောက်ရှိကြရသည့်အတွက် မိမိနှင့်သင့်လျော်ရာအလုပ်များကို ကျေးရွာအပြင်သို့သွားရောက် လုပ်ကိုင်ရပါသည်။ တဖြည်းဖြည်းနှင့် တောင်သူဘဝမှ ကူလီဘဝသို့ ရောက်ရှိပြီး စီးပွားရေးမပြည့်စုံသူအဖြစ် ရောက်ရှိကြရပါတော့သည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၅ | ၁၂ | ငွေတိုးချေးသူများထံမှချေးယူ |
| ၃ လနှင့် ၆ လအောက် | ၁၆ | ၃၈.၁၀ | ဆွေမျိုး/မိတ်ဆွေထံမှ ချေးငှားခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၂၁ | ၅၀ | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ အိမ်ထောင်စု(၈၀)တို့သည် ဥစ္စာဓနအဆင့်(၄) တွင်ရောက်ရှိပြီး အိမ်ထောင်စု()တို့သည်ဥစ္စာဓနအဆင့်(၃)ဟုသတ်မှတ်ခံခဲ့ရပါသည်။ ထိုအိမ်ထောင်စုဝင်များသည် တစ်နေ့တမင်းနှစ်နပ်စားရသည်ဆိုသော်လည်း မိမိဝင်ငွေ/ထွက်ငွေနှင့်ကိုက်ညီစွာသုံးစွဲစားသောက်သူများအနေနှင့် ကြွေးမည်အတင်နည်းပါသည်။ ထိုဥစ္စာဓနအဆင့်(၄,၃)တွင် ပါဝင်သူများမှာ စားရေးသောက်ရေးချို့တဲ့စွာ သုံးစွဲရသူများဖြစ်ကြပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | မရှိ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | မရှိ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် | မရှိ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၀)နှစ်အထက်မှာ ကျား(၁)ဦး၊ မ(၁)ဦးရှိပါသည်။ ကျေးရွာမှ အိမ်နီးချင်းများနှင့် မွေးချင်းများက ကူညီစောင့်ရှောက်ပေးကြပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | လုပ်ခလစာနည်း၊ လုပ်ငန်းများရှားပါး |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | ဆည်မြောင်းများနှင့်ဝေးကွာခြင်း၊ ရေနံထွက်ရှိရာဒေသဖြစ်နေခြင်း |
| ၃ | ရေကြီးခြင်း | မြင့် | မြစ်ကမ်းနံဘေးတွင်တည်ရှိနေခြင်း |
| ၄ | မိုးခေါင်ခြင်း | လတ် | မိုးဦးကျချိန်နောက်ကျခြင်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | ရေနံနှင့်သဘာဝဓါတ်ငွေ့များတူးဖော်ခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ရေနံနှင့်သဘာဝဓါတ်ငွေ့များတူးဖော်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ရေကျိုချက်သောက်သုံးခြင်းကြောင့် |
| ၁၃ | တီဘီရောဂါ | နိမ့် | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | မြင့် | ခွာနာလျှာနာကြောင့်၊ ထောင့်တမ်ရောဂါ၊ ခြေပုတ်လက်ပုတ်ရောဂါ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | မရှိ |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ (၁)ရာသီဥတုနှင့်ပါတ်သက်၍ မည်သူမှ ကာကွယ်မရပါ။ (၂)မီးဘေးကြုံတွေ့ခြင်းမရှိစေရန် အရံမီးသတ်ဖွဲ့စည်း၍ နှိုးဆော်ခြင်းပြုလုပ်သည်။ (၃)သစ်တောပြုန်းတီးခြင်းပြဿနာမဖြစ်စေရန် တစ်ပိုင်တစ်နိုင်ထင်းစိုက်ခြင်းထူထောင် (၄)ရောဂါအမျိုးမျိုးဖြစ်ပွားရန်

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်လူမှုရေးအဖွဲ့များကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ရောဂါမဖြစ်၍ မဖြစ်ပွားမီကြိုတင်ကာကွယ်ဆေးများကို ဆောင်ရွက်လျှက်ရှိပါသည်။ (၅) မိဘတိုင်းသည် မိမိ၏သားသမီးများအား လုံခြုံစိတ်ချမှုအား အလေးထားခြင်း၊ သတင်းစကားများကြည့်ရှုနားထောင်ခြင်းတို့ကြောင့် လူကုန်ကူးမှုလုပ်ရပ်များကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ (၆) ရေနံနှင့် သဘာဝဓါတ်ငွေ့များတူးဖော်ခြင်းကြောင့် မြေဆီလွှာပျက်ခြင်း၊ သစ်တောပြုန်းတီးခြင်းများဖြစ်ပေါ်နေပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အရက်သေစာသောက်စားမူးယစ်ခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အိမ်ထောင်ဦးစီးယောကျ်ားသေဆုံးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ကမ်းပါးပြိုကျခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် | နဂါးပွက်တောင်နှင့် မန်းရေနံမြေမှာ ရေနံတွင်းများတူးဖော်ခြင်းကြောင့် မြေအောက်လိုဏ်ဂူများရှိခြင်း၊ PICဓါတ်ငွေ့စက်ရုံရှိခြင်း |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | မရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ဝန်ထမ်းနည်းပါးခြင်း၊ ကိုယ်ပိုင်လယ်ယာမြေမရှိခြင်းကြောင့် |
| ၁၁ | လူနည်းစုလူမျိုးများ | လတ် | ကုလား၊ ကရင် |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိ |
| ၂၀ | ကားသမား | မြင့် | လုပ်ငန်းခွင်အခြေအနေကြောင့် |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာသား/သူများသည် မိမိကျေးရွာနှင့် အနီးပတ်ဝန်းကျင်၌ သာနေ့စဉ်ဝင်ငွေရှာဖွေသူများဖြစ်သည်။ ကျေးရွာရှိ အိမ်ထောင်စုဝင်များသည် ဧရာဝတီမြစ်နှင့် ၁မိုင် ၅ဖာလုံခန့်ဝေးကွာခြင်း မန်းချောင်းနှင့် ၁မိုင်၅ဖာလုံခန့်ဝေးကွာခြင်းတို့ကြောင့် ရေဘေးအန္တရာယ် အတွေ့ကြုံနိုင်ပါ။ ကျေးရွာတွင် အာဏာခွဲများအနည်းငယ်ရှိသော်လည်း တစ်ဦးနှင့်တစ်ဦး အစွန်းရောက်ခြင်းကို ရှောင်ပါသည်။ မိမိဇရိယာနယ်နိမိတ်အတွင်း ပဋိပက္ခအသွင်ဆောင်ခြင်းကိုမပြုလုပ်ပါ။ လက်လုပ်လုပ်စားများအနေနှင့် မိမိတစ်နေ့ဝင်ငွေမပျက်ရေး ကျိုးပမ်းနေသူများဖြစ်ပြီး တစ်ခါတစ်လေကျန်းမာရေးမကောင်းခြင်းကို ဂရုမပြုဘဲ အလုပ်ခွင်သွားရပါသည်။ မိမိရွာသားများထဲမှ အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်ထံဆောင်ရွက်နေရသူများအနေနှင့် ယာယီကျေးရွာ မှ စွန့်ခွာလုပ်ကိုင်ကြရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၂ | ၁၅ | - | ၁၅ | အထွေထွေ | (၄) | (၇) |
| ၂ | ဘာသာရေး အသင်း အဖွဲ့ | ၃ | ၁၅ | ၄၀ | ၄၅ | ဘာသာရေး ကိစ္စ | (၄) | (၇) |
| ၃ | ကျန်းမာရေး အဖွဲ့ | ၂ | ၅ | ၅ | ၁၀ | ကျန်းမာရေးနှင့် ပတ်သက် | (၅) | (၇) |
| ၄ | ပက်စ်မြန်မာ အဖွဲ့ | ၁ | ၅ | ၅ | ၁၀ | ဆင်းရဲသူ ပပျောက် | (၅) | (၇) |
| ၅ | အမျိုးသမီးရေးရာ | ၂ | | ၁၅ | ၁၅ | အမျိုးသမီး အခွင့်အလမ်း | (၄) | (၇) |
| ၆ | လူငယ်အဖွဲ့ | ၂ | ၃၀ | ၃၀ | ၆၀ | အထွေထွေ | (၄) | (၇) |
| ၇ | အရံမီးသတ်အဖွဲ့ | ၂ | ၁၈ | | ၁၈ | မီးဘေးနှင့်လုံခြုံရေး | (၄) | (၇) |
| ၈ | ကျေးရွာမီးလင်း | ၂ | ၃၀ | | ၃၀ | လျှပ်စစ်မီးသုံးစွဲ | (၄) | (၇) |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| | ရေး | | | | | ကဏ္ဍ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် လူမှုရေးအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ၊ လူငယ်အဖွဲ့၊ အရံမီးသတ်အဖွဲ့နှင့် ကျေးရွာမီးလင်းရေးအဖွဲ့များ ရှိပါသည်။ အဖွဲ့များ၏စွမ်းဆောင်နိုင်မှုမှာ အသင့်အတင့်ရှိပါသည်။ စီးပွားရေးအခြေခံသောအုပ်စုအနေဖြင့် ပက်စ်မြန်မာအဖွဲ့နှင့် ကျန်းမာရေးအဖွဲ့ တို့ရှိပြီး စွမ်းဆောင်နိုင်မှုမှာ အသင့်တင့်ကောင်းမွန်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact-Myanmar | (၂) | ဆင်းရဲသားပပျောက်ရေး |
| ၂ | Save the children | (၂) | ကလေးများကျန်းမာရေးနှင့်ပညာရေး အတွက် အထောက်အပံ့များပေးခြင်း |
| ၃ | CSR(ဒေသဖွံ့ဖြိုးရေး) | (၇) | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များ ပေးခြင်း |
| ၄ | | | |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်/မတို့ ကျေးရွာတွင် အစိုးရအဖွဲ့အစည်းမဟုတ်သော Pact-Myanmar, Save the Children စသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်သော CSR(ဒေသဖွံ့ဖြိုးရေး)အဖွဲ့အစည်းများ၏ အထောက်အပံ့များကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၂၂ | ၅၀.၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃၆ | ၁၄.၈၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၅၄ | ၂၂.၃၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၀ | ၁၂.၄၀ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၄၂ | ၁၀၀ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရေပုတ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၄၂)စုရှိသည့်အနက် မြေမဲ့မြေယာ အိမ်ထောင်စုပေါင်းမှာ(၁၂၂)စု (၅၀.၄၁%)ရှိပါသည်။ ဆင်းရဲသားတောင်သူ(၃၆)အိမ်ထောင်စု(၁၄.၈၈%)၊ တောင်သူငယ်(၅၄)အိမ်ထောင်စု(၂၂.၃၁%)၊ အလယ်အလတ်စားတောင်သူ (၃၀)အိမ်ထောင်စု(၁၂.၄၀%)ရှိပါသည်။

## (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | အစိုးရ | ၂၁ | ရာသီအလိုက် | မရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိမြေဧရိယာ(၂၀၀)ကျော်မှာ ရေသွင်းစိုက်ပျိုးရေးအား နွေ၊ ဆောင်းနှစ်ရာသီစိုက်ပျိုးလုပ်ကိုင်မည်ဆိုပါက ရရှိနိုင်ပါသည်။ ၎င်းကုန်ကျစရိတ်မှာ မြင့်မားသော ကုန်ကျစရိတ်ဖြစ်သဖြင့် ကျေးရွာအနေနှင့် ရေအရင်းမြစ်နီးကပ်ရှိနေသော်လည်း ဆောင်ရွက်နိုင်ခြင်းမရှိကြပါ။ ထို လုပ်ငန်းအား အစိုးရနှင့်ပုဂ္ဂလိက၊ ကုလသမဂ္ဂမှ စားနပ် ရိက္ခာဖူလုံရေးဆောင်ရွက်ပေးမှသာလျှင် တောင်သူများအနေနှင့် စီးပွားရေးအခွင့်အလမ်းတိုးတက်နိုင်ကြောင်း ယခုကာလသည် နိုင်ငံတော်တွင် ဘက်စုံနည်းပညာရှင်များပေါ်ပေါက်နေပြီဖြစ်သဖြင့် လိုအပ်သော ရေအရင်းမြစ်အား အထက်တွင် ဖော်ပြပါအဖွဲ့အစည်းများအနေနှင့် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၂၁ | တင်း | ၄၅ | ၇၀ | ၅၈ | ဇူလိုင် | နိုဝင်ဘာ | မြင့် | လတ် | - |
| နှမ်း | ၇၀ | တင်း | ၁ | ၄ | ၃ | ဧပြီ | ဇူ | နိမ့် | နိမ့် | မိုးနည်း |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| | | | | | | | လိုင် | | | |
| ကုလားပဲ | ၁၀၀ | တင်း | ၃ | ၆ | ၅ | ဧပြီ | ဇူလိုင် | လတ် | လတ် | |
| မြေပဲ | ၂၃ | တင်း | ၅၀ | ၂၅ | ၃၈ | ဧပြီ | ဇူလိုင် | လတ် | လတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် လယ်မြေအား စပါးစိုက်၍ မိုးရာသီတွင် ယာမြေပေါ်တွင် နှမ်း၊ပဲစိမ်းငုံ၊ ပဲတီစိမ်း၊ နွားစာ စသည်တို့စိုက်ပျိုးလုပ်ကိုင်ပြီး ဆောင်းရာသီတွင် ဇရာဝတီမြစ်ရေနစ်မြုပ်သော ကိုင်းမြေကွက်များပေါ်တွင် ကုလားပဲ၊ မြေပဲ၊ နကြော၊ ပြောင်းဖူးပင် စသည်တို့ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးရာသီစိုက်ပျိုးသော နှမ်း၊ ပဲတီစိမ်း၊ ပဲစိမ်းငုံသည် ရာသီဥတုမှန်ကန်မှသာ အကျိုးအမြတ်ရရှိပြီး ဆောင်းသီးနှံဖြစ်သော ကုလားပဲ၊ မြေပဲစိုက်ပျိုးရာတွင်လည်းသွင်းအားစုအနည်းငယ်သာ မြုပ်နှံနိုင်သည့် အတွက် သီးနှံထွက်နှုန်းကောင်းမွန်စွာ မထွက်ရှိသဖြင့် တောင်သူများအနေနှင့် စီးပွားရေးကြပ်တည်းခြင်းကို ခံစားရပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၂ | | | | | ၉၀ | အချိန်မီစိုက်ပျိုးနိုင်ရန် |
| လက်တွန်းထွန်စက် | ၆ | | | | | ၁၀ | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | | | | ၁ | | | သုံးမရပါ |
| ခြေနင်းရေတင်စက် | | | | | | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အများပိုင်ရေစုပ်စက်(၁)လုံးသာရှိပါသည်။ စိုက်ပျိုးမြေရှိသော်လည်း စိုက်ခင်းဝေး၍ရေသယ်ယူရန်အတွက် အလှမ်းကွာသဖြင့် နွေရာသီ မိုးကြိုနှမ်းနှင့်ပဲတီစိမ်းလုပ်ကိုင်နိုင်ခြင်းမရှိ၍ ရေစုပ်စက်အသုံးမပြု ၍ အရေအတွက် နည်းပါးခြင်းဖြစ်ပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သည် |
| ရေရင်းမြစ် | ဆည်၊ ကိုယ်ပိုင်အဝီစိတွင်းများမှ ရေရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | စိုက်ပျိုးရေးဌာနမှ ကွင်းဆင်းဝန်ထမ်းများပညာပေးဟောပြောမှုများရှိသည် |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | မင်းဘူးမြို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင်း ဝယ်ယူနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | စိုက်၊ဘဏ်၊ သမဝါ ယမ၊ Pact-myanmar၊ ပုဂ္ဂလိကငွေချေးသူများရှိသည် |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | စိုက်ပျိုးရေးဆေးကုမ္ပဏီများမှ ဟောပြောပွဲများ ပြုလုပ်ပေးပါသည်။ |
| သွင်းအားစုဈေးကွက် | ဆေးကုမ္ပဏီ၊ ဆေးဆိုင်များရှိ၍ အလွယ်တကူဝယ်ယူရရှိနိုင်သည် |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မင်းဘူးမြို့တွင် အလွယ်တကူ ရောင်းဝယ်နိုင်သည် |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် လယ်ယာမြေများသည် မြေဆီသြဇာအသင့်အတင့် ကောင်းမွန်ကြသည်။ စိုက်ပျိုးရာတွင်လိုအပ်သော ရေကို ဆည်မြောင်း၊ အဝီစိတွင်းများမှ ရရှိပါသည်။ လိုအပ်သောသွင်းအားစုများကို ဆေးကုမ္ပဏီ၊ ဆေးဆိုင်များမှ အလွယ်တကူ

ဝယ်ယူရရှိနိုင်ပါသည်။ စိုက်ဘဏ်၊ သမဝါ ယမ၊ Pact-Myanmar နှင့်ပုဂ္ဂလိကငွေချေးသူများ ရှိသဖြင့် ငွေကြေးမလုံလောက်လျှင် အလွယ်တကူချေးယူရရှိနိုင်ပါသည်။ ထွက်ကုန်များကို မင်းဘူးမြို့၊ စကုမြို့ရှိ ဈေးကြီးများတွင် ရောင်းချနိုင်ပါသည်။

**(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်မြေရိုင်းမရှိ/လက်ရှိမြေသည် စွမ်းအင်သိမ်းဆည်းမြေများဖြစ်သည် |
| မြေဆီသြဇာ အခြေအနေ | ရေနံမြေမှ အပေါ်မြေလွှာဖျက်စီးခြင်း၊ ဓာတုဆေးဝါးများသုံးစွဲခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | စိုက်ပျိုးစရိတ်ချေးငွေပုံစံ(၇)မရှိ၍ ချေးမရသည့်အတွက် အခက်အခဲတွေ့ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရေးသွင်းအားစုများကို ဝယ်ယူရန် ငွေကြေးအချိန်မီမရရှိခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | အချိန်မှန်အလုပ်မပေးနိုင်ခြင်း၊ အခြားနေရာများသို့ သွားရောက်လုပ်ကိုင်ခြင်း ကျွမ်းကျင်သောအလုပ်သမားနည်းပါးလာခြင်း |
| ရေရင်းမြစ်များ ရရှိနိုင်မှု | စိုက်ပျိုးမြေအတွက် ရေရရှိမှုမရှိပါ |
| စိုက်ပျိုးရေ မလုံလောက်မှု | ရေပေးမြောင်းမကောင်းခြင်းအားသက်ဆိုင်ရာနှင့်တင်ပြ |
| ဖျက်ပိုးနှင့် ရောဂါ | ပိုးမွှားကာကွယ်ရေးအဖွဲ့နှင့် ဆေးကုမ္ပဏီတို့ခေါ်ယူပြသဆောင်ရွက်ရန် |
| ဈေးကွက် လက်လှမ်းမီမှု | ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ချိတ်ဆက်ရန် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | အသိပညာရှင်၊ အတတ်ပညာရှင်များခေါ်ယူ၍ နည်းပညာသင်ကြားပေးသော ပညာရှင်ခေါ်ယူချိတ်ဆက်ရန် |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ ကျေးရွာ၏ စိုက်ပျိုးသီးနှံခင်းများနှင့်ပတ်သက်၍ လယ်မြေရေလိုပါက ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ သီးနှံဖျက်ပိုးများကျရောက်လာပါက မြို့နယ်ပိုးမွှားစစ်ဆေးရေးအဖွဲ့နှင့် ဆေးကုမ္ပဏီများကို ခေါ်ယူချိတ်ဆက်ရန် မိမိတို့ ထုတ်လုပ်သောသီးနှံများ ဈေးကွက်ကောင်းမွန်စွာရရှိရေးအတွက် ပထမဦးစွာ မိမိဘက်မှ နိုင်ငံတကာမှ လိုအပ်သောသီးနှံအဆင့်ကို ထုတ်လုပ်ပေးနိုင်အောင် ကြိုးစားပြီး ယင်းထွက်ရှိလာသော သီးနှံအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့နှင့်ချိတ်ဆက်ပေးရန် မိမိတို့ စိုက်ပျိုးထားသော သီးနှံများထွက်နှုန်းကောင်းမွန်လာစေရန် မျိုးကောင်းမျိုးသန့်ရှာဖွေစိုက်ပျိုးရန်နှင့် စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၃၃ | ၆၆ | လယ်ယာထွန်ယက်ရန် |
| နို့စားနွား | ၁၃ | ၁၃၂ | စီးပွားရေးအတွက် |
| မြင်း | ၄ | ၄ | သယ်ယူပို့ဆောင်ရေး |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | ၅ | ၉၉ | စီးပွားအဖြစ် |
| သိုး | ၃ | ၅၅၀ | စီးပွားအဖြစ် |
| ဝက် | ၇ | ၁၃ | အပိုငွေရရန်အတွက် |
| ကြက် | ၁၈ | ၁၄၈ | အပိုငွေရရန်အတွက် |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၄၂)စု ရှိသည့်အနက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ(၇၁)ဦးရှိပါသည်။ ၎င်း(၇၁)အိမ်ထောင်စုတွင်အိမ်ထောင်စု(၃၃)စု ခိုင်းနွား(၆၆)ကောင်၊ အိမ်ထောင်စု(၁၃)စုမှာ နို့စားနွား(၁၃၂)၊ အိမ်ထောင်စု(၄)စုမှာ မြင်း(၄)ကောင်၊ အိမ်ထောင်စု(၅)စုမှာ ဆိတ်(၉၉)ကောင်၊ အိမ်ထောင်စု(၃)စုမှာသိုး(၅၅၀)ကောင်၊ အိမ်ထောင်စု (၇)စု မှာ ဝက်(၁၃)ကောင်၊ အိမ်ထောင်စု(၁၈)စုမှာ ကြက်(၁၄၈)ကောင်တို့ကို မွေးမြူကြပါသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေသီးသန့်မရှိပါ။ သီးနှံသိမ်းဆည်းပြီးအကွက်၊ လမ်းဘေး ဝဲယာတွင် ကျောင်းနိုင်သည် |
| ရေရရှိမှု | ဧရာဝတီမြစ်၊ မန်းချောင်း၊ မြေအောက်ရေတွင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု ဈေးကွက် | လိုင်စင်သားသတ်အဖွဲ့ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ဝန်ဆောင်မှု ဈေးကွက် | |
| ထုတ်ကုန် ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန် ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်အတွက် မိမိတို့မွေးမြူသော တိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိရစ္ဆာန်ဆေးကုသရေး ဆရာဝန်များနှင့်မွေးမြူရေးရှင်များ ဆွေးနွေးတိုင်ပင်နိုင်ရန်စီစဉ်ပေးရန်လိုအပ်ပါသည်။ မွေးမြူရေး ပိုင်ရှင်များအား ကျန်းမာရေးအသိရှိအောင် မိမိတို့အနေနှင့် ဆွေးနွေးပေးခြင်းပညာရှင်များနှင့် ချိတ်ဆက်ပေးခြင်းကို ဆောင်ရွက်ရမည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မွေးမြူရေးအတွက် ချေးငွေလုံလောက်မှုမရှိပါ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ခွာနာလျှာနာ၊ လက်ပုတ်ပေါင်ပုတ်၊ သရက်ရွက်ကြီး၊ ကြက်နာရောဂါ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ချေးငွေ ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ်

ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မွေးမြူရေးကဏ္ဍအခက်အခဲမှာ ငွေကြေး လုံလောက်မှုရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ ထိုအခက်အခဲအား ဖြေရှင်းရန်မှာ မွေးမြူရေး လုပ်ငန်းရှင်များနှင့် CBဘဏ်တို့ချိတ်ဆက်ဆောင်ရွက်ရမည်။ ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း ဘဏ်သို့ အာမခံတင်သွင်းရန် အခက်အခဲရှိနေခြင်းဖြစ်ပါသည်။ တိရစ္ဆာန်များ ကူးစက်ရောဂါများ ဖြစ်ပေါ်သောကာလသည် ဇန်နဝါရီလ၊ မတ်လအတွင်း ကူးစက်ရောဂါကျရောက်တတ်ပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အဓိက ငွေကြေးလိုအပ်ပါသည်။ လူလုပ်အား တို့နှစ်ချက်ပြည့်စုံပါက စီးပွားဖြစ်မွေးမြူရေးအောင်မြင်မည်ဖြစ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၄ | ၂၀ | ၄ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | | ၆ | လတ် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၆ | | ၁၆ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၉၈ | ၁၁ | ၁၆ | မြင့် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | ၆ | ၆ | | နိမ့် |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | ၁ | ၁ | ၁ | မြင့် |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ပြည်သူများ၏ အိုးအိမ်စည်းစိမ်များကို လုံခြုံအောင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အရံမီးသတ်တပ်ဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်းအတွက် အစစလုံခြုံစွာနေနိုင်ပါသည်။ ကျေးရွာတွင် ပညာတတ်များများစွာရှိသော်လည်း နိုင်ငံတော်မှ ထိုပညာတတ်များအား လုပ်ငန်းများအား လုပ်ငန်းပေးနိုင်ခြင်းမရှိ၍ ထိုပညာတတ်များအသက်ကြီးလာခြင်း၊ ဤကဲ့သို့အသက်ကြီးလာသည့်အတွက် ၄င်းပညာတတ်များအလုပ်လက်မဲ့ဘဝကို ရင်ဆိုင်ရခြင်းကြောင့် ပညာတတ်ဝန်ထမ်းနည်းပါးနေသည်ကို တွေ့ရကြောင်း ကျန်းမာရေးကိစ္စအတွက် ကျေးရွာပိုင်ဆေးခန်းဆောက်လုပ်၍ မြို့နယ်မှ ဆရာဝန်တစ်ဦးနေ့စဉ်လာရောက်ကုသပေးနိုင်ရန် စီစဉ်ထားရှိသည့်အတွက် ရွာသူ/သားများ ကျန်းမာရေးကဏ္ဍအဆင်ပြေပါသည်။ ကျေးရွာအတွင်း စားဝတ်နေရေးအခက်အခဲ ပြေလည်စေ

ရန်အတွက် ပြင်ပအဖွဲ့အစည်း (CSR, Pact-myanmar,UNDV)အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မန်းရေနံမြေ | အစိုးရဝန်ထမ်းများ၊ အခြေခံအလုပ်လျှောက်ထားခြင်း |
| MPRLကုမ္ပဏီ | ရေနံကုမ္ပဏီများတွင် ဝန်ထမ်းလျှောက်ထားခြင်း |
| ပုဂ္ဂလိကဘဏ် | သတ်မှတ်သောအရည်အချင်းရှိသူဝင်ရောက် |
| စတိုးဆိုင် | မင်းဘူးမြို့ရှိ စတိုးဆိုင်များတွင် အငှားဝန်ထမ်းလျှောက်ထားနိုင်ခြင်း |
| ဆောက်လုပ်ရေးလုပ်ငန်း | ပန်းရံ၊ လက်သမားလုပ်ငန်းများတွင် အငှားလိုက်ခြင်း |
| တောင်သူ | လယ်ယာလုပ်ငန်းများတွင် အငှားလိုက်ခြင်း |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင်းရှိ အိမ်ထောင်စုဝင်များသည် မိမိတို့၏ မိသားစုစားဝတ်နေရေးအဆင်ပြေရန်အတွက် ရေနံမြေနှင့် MPRLကုမ္ပဏီသို့ရှင်း အခြားဝန်ကြီးဌာနများသို့ မိမိနှင့်သင့်လျော်သော လုပ်ငန်းများအား လျှောက်ထားနိုင်ခြင်း၊ မြို့ထဲသို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏စတိုးဆိုင်ကြီးများသို့ အလုပ်လျှောက်ထားနိုင်ခြင်း၊ ပညာနည်းသူများအနေဖြင့် အဆောက်အအုံနှင့်ပတ်သက်သော လက်သမား၊ ပန်းရံ၊ သံချည်သံကွေးအလုပ်လျှောက်ထားနိုင်ခြင်း တောင်သူလယ်သမားများ၏ လိုအပ်သော အထွေထွေလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းကြောင့် မိမိတို့၏ မိသားစုစားဝတ်နေရေးဖြေရှင်းနိုင်ပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အသက်မွေးဝမ်းကျောင်းပညာ မကျွမ်းကျင်ခြင်း | အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုအားနည်းခြင်း၊ သက်မွေးပညာလုပ်ငန်းချိတ်ဆက်မှုနည်းခြင်း၊ သက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်ရန် ငွေကြေးမရှိခြင်း |
| ပုံမှန်အလုပ်မရှိခြင်း | စိုက်ပျိုးရာသီ၌သာ ပုံမှန်အလုပ်ရှိခြင်း၊ |
| | |
| | |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ အိမ်ထောင်စုများထဲမှ၉၀%သောကျား/မတို့ သည် စီးပွားရေးချို့တဲ့သူများမှ မွေးဖွားလာကြသည့်သူများဖြစ်၍ဆုံးခမ်းတိုင်အောင် ပညာသင်ကြား နိုင်ခြင်းမရှိပါ။ သို့သော်လည်း တိုးတက်နေသောကာလရောက်ရှိစပြုလာသည့် အချိန်ကာလဖြစ် ပေါ်လာသည့်အတွက်ပညာမဲ့တို့လုပ်ကိုင်နိုင်သောအခွင့်လမ်းပေါများလာနိုင်ရန် စီးပွားရေးပညာရှင် များထံအပ်နှံပေးခြင်းတို့ကို ဆောင်ရွက်ရပါမည်။ သို့မဟုတ်မိမိတစ်နိုင်အရင်းအနှီးဖြင့် ကိုယ်ပိုင် ဆိုင်ထောင်ခြင်း၊ ဆံပင်ညှပ်ဆိုင်၊ ကွမ်းယာဆိုင်ထောင်ခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၁ | | | | | | | | | |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | | | | | | | | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | | | | | | | | | |
| | ၆ လ အထိ | | | | | | | | | | |
| | ၁၂ လ အထိ | | | | | | | | | | |
| | ၁၂ လ အထက် | | | | | | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အခြားရပ်ရွာဒေသများသို့ သွားရောက်လုပ် ကိုင်ခြင်း၊ နှစ်ရှည်ကြာမြင့်စွာ သွားလာခြင်းမရှိပါ။ မိမိကျေးရွာနှင့် နီးစပ်ရာ ရွာအနီးတစ်ဝိုက် တွင်လည်းကောင်း၊ မင်းဘူးမြို့သို့ နေ့ချင်းပြန်သွားရောက်လုပ်ကိုင်ခြင်းသာရှိပါသည်။ ဝေးလံ ခေါင်သီသောအရပ်များသို့ သွားရောက်လုပ်ကိုင်ခြင်းမရှိပါ။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | - |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်/မတို့ ကျေးရွာတွင် အခြားအရပ်ဒေသများသို့ ရွှေ့ပြောင်းသွားလာ၍အလုပ်လုပ်ကိုင်သူမရှိပါ။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | | | | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | | | |
| | - ဘဏ် | | | | | |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | | | |
| | -ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အခြားမြို့ကြီးပြကြီးများသို့လည်းကောင်း၊ နိုင်ငံခြားသို့လည်းကောင်း သွားရောက်လုပ်ကိုင်သူများမရှိသဖြင့် ဘဏ်မှ ငွေပို့ငွေလွှဲလုပ်ငန်း မရှိပါ။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | မင်းဘူး(၄)မိုင် | မကွေး(၈)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ မြင်းလှည်း၊ ဆိုင်ကယ်၊ သုံးဘီး | ကား၊ ဆိုင်ကယ်၊ သုံးဘီး |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | ပဲ၊ နှမ်း၊ ဆန်၊ ဆီ၊ အဝတ်အထည် | ပဲ၊နှမ်း၊ဆန်၊ဆီ၊အဝတ်အထည် စားသောက်ကုန်၊ လူသုံးကုန် |
| ဈေးအခြေခံအဆောက်အဉီနှင့် ဝန်ဆောင်မှု | သွပ်မိုး၊ တစ်ထပ်၊ အုတ်ခင်း | နှစ်ထပ်ဈေး၊ သွပ်မိုး၊ အုတ်ခင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင်မြို့နှင့်(၄)မိုင်သာဝေးကွာသည့်အတွက် ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက်များလက်လှမ်းမီမှုရှိပါသည်။ သယ်ယူပို့ဆောင်ရေးမှာလည်း ကား၊ မြင်းလှည်း၊ ဆိုင်ကယ်စသည့်ယဉ်များရှိသည့်အတွက် သယ်ယူပို့ဆောင်ရန် လွယ်ကူပါသည်။ ကျေးရွာ၏ထွက်ကုန်များမှာ မိုးတွင်းကာလတွင် မိမိတို့ရွာရှိ မြေများမှာ စွမ်းအင်ဝန်ကြီးဌာနမှ သိမ်းဆည်းခံထားရသည့်အတွက် ထုတ်လုပ်မှုများပြားစွာမထွက်ရှိပါ။ ဆောင်းရာသီ သီးနှံသာလျှင် အားထားရသော ကျေးရွာဖြစ်ပါသည်။ ထိုအချိန်ကာလသည် ကုန်သည်များ၏ ဈေးကွက်ကာစားခြင်းခံရသဖြင့် ရောင်းကုန်များ ဈေးကျပြီး ရင်းနှီးမှုမြင့်မားခြင်းကို တွေ့ရှိရပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | ချေးငွေ | ၆လ | ၀.၇၀ကျပ် | မရှိ | ပုံစံ(၇)မရှိခြင်း |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | ချေးငွေ | ၅လ | ၃ကျပ် | မရှိ | အသင်းဝင်ဖြစ်ရမည် |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | | | | | |
| အခြား | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုရှိပါသည်။ စိုက်ပျိုးဘဏ်ရှိခြင်း၊ အဖွဲ့လိုက်ငွေစု၊ ငွေချေးအစီအစဉ်ရှိခြင်း၊ ကျေးရွာသမဝါယမလုပ်ငန်း လယ်ယာကုန်ထုတ်သမအသင်းရှိနေသည့်အတွက် ငွေကြေးလက်လှမ်းမီမှုမှာ အဆင်ပြေစေပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

## (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | ရေနံမြေဓါတုပစ္စည်းသုံးစွဲခြင်းအပေါ် မြေလွှာပျက်စီး |
| အပင်မျိုးစိတ်များ | နိမ့် | |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့် | ရာသီဥတုဖောက်ပြန်ခြင်း၊ပိုးမွှားရောဂါ ကျရောက်မှုများ |
| ရေရင်းမြစ် | မြင့် | ဧရာဝတီမြစ်၊ မန်းချောင်း |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | စနစ်တကျစွန့်ပစ်ခြင်းမရှိခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိယာမြေများသည် ရေနံမြေမှ အပေါ်မြေဆီလွှာများဖယ်ရှားခြင်း၊ ဓါတုပစ္စည်းများအသုံးပြုခြင်းများ များပြားသည့်အတွက် မြေများသည် PH နိမ့်ကျသွားခြင်းများကြုံတွေ့ရပါသည်။ မျိုးစေ့များရရှိရန် စိုက်ပျိုးရေးဌာနရှိနေသည့်အတွက် ခက်ခဲမှုမရှိပါ။ကျွန်းမြေများအနေနှင့် ဓါတုဆေးဝါးသုံးစွဲမှုများကြောင့် မြေဆီလွှာ ခမ်းခြောက် ခြင်း၊ PH နိမ့်ကျသွားခြင်း၊ စိုက်ပျိုးသီးနှံများမှာ ရာသီဥတု ဖောက်ပြန်သည့်အခါ ဆိုးဝါးသော ပိုးမွှားကျရောက်ခြင်းကို ခံစားကြရပါသည်။ ငှက်မျိုးစေ့များအနေနှင့် ရာသီအလိုက် ငှက်တိရစ္ဆာန်များ လာရောက်တတ်ကြပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၃ | ၃ | ၆ | ၀.၇၂ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၅ | ၃၆ | ၆၁ | ၇.၂၉ |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၇၄ | ၁၀၆ | ၁၈၀ | ၂၁.၅၁ |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၃၄ | ၁၆၃ | ၂၉၇ | ၃၅.၄၈ |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၀၁ | ၉၃ | ၁၉၂ | ၂၂.၉၄ |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၀ | ၁၁ | ၃၁ | ၃.၇၀ |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၁၈ | ၅၂ | ၇၀ | ၈.၃၆ |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၃၇၅** | **၄၆၂** | **၈၃၇** | **၁၀၀%** |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အသက်(၇၀)ကျော်အထက်တွင် အစိုးရ စာသင်ကျောင်းမရှိ၍ ဘုန်းကြီးကျောင်းတွင် စာသင်ကြားရသည်။ ကျန်လူငယ်များအနေနှင့် မိမိ၏ သားသမီးများပညာတတ်ဖြစ်စေလိုသော ဆန္ဒဖြင့် ကျောင်းနေအရွယ်များကို ပညာသင်ကြားပေး သည့်အတွက် စာတတ်မြောက်သူများပေါ်များလာပါသည်။ ယနေ့ကျေးရွာတွင် အသက်၅နှစ်မှ အသက်၆၀အတွင်း စာမတတ်သူမရှိစာတတ်သူများပေါ်များလာပါသည်။ ကျေးရွာရှိလူဦးရေ ၉၄၈ဦးရှိပြီး မူလတန်းပညာမှအစပြု၍ စာတတ်မြောက်သူ(၈၈၆)ဦးရှိပါသည်။ ကျေးရွာရှိ ကျောင်း မနေသေးသူက မ၂၃ဦး၊ ကျား၃၃ဦး၊ စုစုပေါင်း ၅၆ဦးနှင့် စာမတတ်သူကျား၃ဦး၊ မ၅ဦး၊ စုစုပေါင်း ၈ဦး၊ နှစ်ရပ်ပေါင်း ၆၂ဦးသာ စာမတတ်သေးသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် စာတတ်မြောက်သူကျား/မ ၇၀၆ဦးနှင့် မူလတန်းတွင် ပညာဆက်လက်သင်ကြားလျှက်ရှိပါသည်။

## (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၄၁ | ၃၅ | ၇၆ | ၃၈.၅၈ |
| အလယ်တန်း (၁၀-၁၄နှစ်) | ၃၀ | ၃၆ | ၆၆ | ၃၃.၅၁ |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၁၉ | ၁၃ | ၃၂ | ၉.၆၅ |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၆ | ၁၇ | ၂၃ | ၁၁.၆၈ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးများအား နိုင်ငံတော်ပံ့ပိုးမှုဖြင့် မူလတန်း/အလယ်တန်းမသင်မနေရစနစ်ဖြစ်ပေါ်လာစေရန် ကျေးရွာမှ တာဝန် ရှိလူကြီးများနှင့် ကျောင်းဆရာ/ဆရာမများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းကြောင့် ၅နှစ်ပြည့် ကလေးများ ကျောင်းတက်နှုန်းပြည့်မီခဲ့ပါသည်။ အချို့သော အိမ်ထောင်စုများမှာ ကလေးစာတော် သော်လည်း အလယ်တန်းအဆင့်မှ အထက်တန်းပညာအား သင်ကြားခွင့်မရရှိတော့ဘဲ နစ်နာမှုများ လည်း တွေ့ကြုံရပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း(ခွဲ) |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ရွာတွင်း | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၆၀ ’ x၂၅ ’ =၂ဆောင်တိုက်<br>၄၀ ’ x၂၅ ’ =၁ ဆောင်ထရံကာသွပ်မိုး | |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း(ခွဲ) | | |
|---|---|---|---|---|---|---|
| | ၆၀' x၂၅' =၂ဆောင် ကောင်း<br>၄၀' x၂၅' ညံ့ | | | | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ၆၀' x၂၅' =၂ဆောင် ကောင်း<br>၄၀' x၂၅' ညံ့ | | | | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ယင်လုံအိမ်သာ(၂)လုံး<br>လုံလောက်မှုမရှိပါ | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | တစ်နှစ်၂ကြိမ်ခန့်နွားနို့ဆန်ပြုတ်ကျွေး | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | **၁** | ၅ | ၆ | | | |
| ကျေးရွာခန့် | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာရှိ ပညာသင်ကြားရေးတွင် ညံ့၍ ကျောင်းအုပ်ချုပ်မှု လျှော့ရဲသည်များလည်း တွေ့ရှိရပါသည်။စာသင်ကျောင်းတွင် စာသင်ခုံများလုံလောက်မှုမရှိခြင်း၊ ကျောင်းသားအရေအတွက်နှင့်ဆရာ၊ဆရာမအင်အား မျှတမှုမရှိခြင်း၊ ကျောင်းသားမိဘနှင့် ဆရာ ပူးပေါင်းထိတွေ့မှုအားနည်းခြင်းတို့ကြောင့် ကျောင်းသားပညာရေး နိမ့်ကျသည်ကို တွေ့ရှိရပါ သည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၆ဦး |
| တပည့် - ဆရာ အချိုး | အချိုးညီမျှမှုမရှိပါ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | နည်း |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | □□□□ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | နိုင်ငံတော်မှထောက်ပံ့သည် |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | ရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ညှိနှိုင်းမှုအားနည်း |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အစိုးရမူလတန်းကျောင်း ကျောင်းသားဦးရေသည် ၁၀၀ကျော်ခန့်ရှိပြီး ကျေးရွာနှစ်ရွာပေါင်းစီးထားရပါသည်။ ကျောင်းသားဦးရေနှင့် ဆရာ အချိုးမှာ အချိုး၂၀ခန့်ဖြစ်၍ ပညာသင်ကြားရာတွင် ထွန်းကားထူးချွန်သူနည်းသည်။ မိဘပြည်သူများအနေနှင့် မိမိစားဝတ်နေရေးရှာဖွေနေရသူများဖြစ်၍ လူအများစုမှာပညာရေးဘက်အလေး

မထားနိုင်ဘဲ မိဘအနည်းစုကသာ ပညာရေးအလေးထားဆောင်ရွက်နိုင်သည်ကို တွေ့ရပြီး စာရေးကြိယာများအား နိုင်ငံတော်မှ ထောက်ပံ့ပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✔ | | သောက်သုံးရေကန်များ သန့်ရှင်းစွာရှိခြင်း၊ ရေပုတ်ရေအိုင်များ မရှိခြင်းတို့ ဖြစ်ပါသည်။ |
| ၂ | သွေးလွန်တုပ်ကွေး | | ✔ | | |
| ၃ | ငှက်ဖျား | | ✔ | | |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | ✔ | - |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | ✔ | | - |
| ၆ | တီဘီ | | | ✔ | |
| ၇ | ဆီးချို | | ✔ | | |
| ၈ | သွေးတိုး | | ✔ | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✔ | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | ✔ | |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✔ | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် နေထိုင်သော မိသားစုဝင်များသည် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ ကျေးရွာအုပ်စုရှိ တိုက်နယ်ကျန်းမာရေးဦးစီးဌာန ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများကို အိမ်ထောင်စုဝင်များအား ဆွေးနွေးခြင်း၊ တိုက်နယ်ရှိ ကျန်းမာရေးဆေးခန်းမှ အပတ်စဉ်ကာကွယ်ဆေးထိုးခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှော သွေးလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါများဖြစ်ပွားမှုနည်းပါးခြင်းဖြစ်ပါသည်။ မိမိတို့ကျေးရွာတွင် ရွှံ့ပုတ်၊ ရေပုတ်အိုင်များမရှိခြင်းကြောင့် ဆင်ခြေထောက်ရောဂါလည်းမဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ စားသောက်သောအစားအစာတို့ကြောင့် ဆီးချိုနှင့် သွေးတိုးရောဂါအနည်းငယ်ရှိ၍ ကျေးရွာကိုယ်ထူကိုယ်ထဆေးခန်းဖွင့်ပြီးရောဂါဖြစ်ပေါ်လာပါက အလွယ်တကူကုသနိုင်ရန် ဆောင်ရွက်ထားပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | | ကျန်းမာရေးဦးစီးဌာနမှ အပတ်စဉ်ကာကွယ်ဆေးထိုး |

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | | |
| ၃ | ပိုလီယိုရောဂါ | | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | | တစ်လ၂ကြိမ်မြို့နယ်ကျန်းမာရေးဦးစီး ဌာနနှင့် ဆောင်ရွက်သည် |
| ၅ | ဝက်သက်ရောဂါ | ✔ | | ကျေးလက်ကျန်းမာရေးမှ ကာကွယ်ဆေး |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရွာသားများအား မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ စီမံချက်ဖြင့် မေးခိုင်ကာကွယ်ဆေးကို ကလေးမိခင်ကိုယ်ဝန်ဆောင်များအား တစ်လတစ်ကြိမ် ဆေးထိုးခြင်းကို လုပ်ဆောင်ပေးပါသည်။ မွေးဖွားလာသော ကလေးငယ်များကိုလည်း ဝက်သက်ရောဂါနှင့် ကြက်ညှာရောဂါမဖြစ်ပွားရေးနှင့် ကလေးငယ်များအား တစ်လတစ်ကြိမ် အာဟာရဆေးများ တိုက်ကျွေးခြင်းကြောင့် ကလေးငယ်အသေအပျောက်နည်းပါးခြင်းကို တွေ့ရပါသည်။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ၃မိုင် | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | မလုံလောက်မှု | |
| တိုက်နယ် ဆေးရုံ | ရွာတွင်း ကိုယ်ထူ ကိုယ်ထ | မရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ- | လုံလောက်မှုမရှိ | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | ၃မိုင် | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | လုံလောက်မှုရှိ | |
| ဆေးဆိုင် | | ရှိ | ဆေးဝါးကျွမ်းကျင် သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | ရှိ ပြည့်စုံ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ မိသားစုဝင်များသည် မိမိရွာ၌ ဆေးခန်းဖွင့်လှစ် ထားခြင်း၊ မန်းရေနံမြေတွင် ဆေးခန်းဖွင့်လှစ်ထားခြင်း၊ မြို့နယ်ဆေးရုံကြီးနှင့် အလှမ်းမကွာဝေး သည့်အတွက် ကျန်းမာရေးဝန်ဆောင်မှုအဆင်ပြေပါသည်. မြို့နယ်ဆေးရုံ ဆေးခန်းများသို့ ကုသ ရမည်ဆိုပါကလဲမိမိကျေးရွာအိမ်ထောင်စုဝင်များတွင် ဆိုင်ကယ်၊ကား၊မြင်းလှည်းများအလွယ်တကူ ပို့ဆောင်နိုင်ခြင်း၊မြို့တွင် ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးအရောင်းဆိုင်များအနေနှင့်လည်း လုံလောက်သော အရောင်းဆိုင်များရှိနေခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှု လုံလောက်မှုရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၂ | | ✔ | ✔ | ✔ | |
| အဝီစိတွင်း/စက်တပ် | ၆၈ | | ✔ | ✔ | ✔ | |
| အဝီစိတွင်း/တုံကင် | ၄၆ | | ✔ | ✔ | ✔ | |
| မိုးရေသိုလှောင်ကန် | | | | | | |

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| မြစ်/ချောင်း | | | | | | |
| ရေကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | ၃ | | ✔ | ✔ | ✔ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ရွာသည် မြေအောက်အဝီစိရေတွင်းများရှိခြင်း၊ စွမ်းအင်ဝန်ကြီးဌာနမှကူညီသော ရေလိုင်းများရှိနေသည့်အတွက် တစ်နှစ်ပတ်လုံးသောက်သုံးရေလုံလောက်မှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးသည့်အကြောင်းရင်းမှာ အဝီစိရေတွင်းများသည် ရေငံများဖြစ်နေခြင်းကြောင့် ထိုအငန်ဓါတ်အား သစ်ပင်များ မနှစ်သက်၍ အပင်ဖြစ်ထွန်းခြင်းမရှိသည်ကို တွေ့ရပါသည်။ ထိုအဝီစိတွင်းရေအား အပင်များကို ရေလောင်းသည့်အခါ စိုက်ပျိုးမြေပြင်သည် ဆားပေါက်မြေအဖြစ်ပြောင်းလွဲသွားသဖြင့် အပင်မဖြစ်၊ မြေပျက်စီးခြင်းကို တွေ့ရှိရပါသည်။

## (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၂၂၇ | အချို့အိမ်ထောင်စုသည် မိသားစု စုပေါင်းနေထိုင်ခြင်းဖြစ်သည် |
| ကျင်းအိမ်သာ | ၁ | |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | ၃ | |
| **စုစုပေါင်း** | **၂၃၁** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ မိသားစုဝင်များသည် သောက်သုံးရေအတွက် မန်းရေနံမြေနှင့် MPRLကုမ္ပဏီတို့မှ ရေပိုက်လိုင်းများဆက်သွယ်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ထားခြင်းအတွက် သောက်ရေသည် နွေ၊ မိုး၊ ဆောင်းတစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။ သုံးစွဲရေမှာလည်း ကျေးရွာတွင် အဝီစိတွင်းများပေါ်များသည့်အတွက် မိမိတို့သုံးစွဲသော ယင်လုံအိမ်သာများအတွက် ရေလုံလောက်စွာသုံးစွဲနိုင်ပါသည်။ ကျင်းတိုင်နှင့် မြေပေါ်အိမ်သာ သုံးစွဲနေသော အိမ်ထောင်စုဝင်(၃)ဦးကိုလည်းၠင်းတို့အား ကျန်းမာရေးအသိရှိရန် စည်းရုံး၍ ရေလောင်းအိမ်သာဖြစ်မြောက်သုံးစွဲအောင် စီမံရန်လိုအပ်ကြောင်း ကျန်၁၂အိမ်သည် တစ်ဝိုင်းထဲ

နေထိုင်သူ မိသားစုများဖြစ်၍ မိဘများတည်ဆောက်သော အိမ်သာကို အသုံးပြုသည်ကို တွေ့ရှိပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | | ✔ | စိတ်ဓါတ်တက်ကြွမှုနည်း |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | | | အမျိုးသမီးများတက်ကြွမှုနည်း |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✔ | - |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✔ | | |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင်နေထိုင်သော အမျိုးသမီးများသည် စနစ်တစ်ခု၏အပေါ် ဗဟုသုတ၊ အသိဉာဏ်နည်းပါးခြင်း၊ စားဝတ်နေရေးအား ရှာဖွေရခြင်း၊ ဝါသနာ၊ စေတနာ၊ အနစ်နာခံဟူသော နာသုံးနာမရှိခြင်းတို့ကြောင့် အမျိုးသမီးများခေါင်းဆောင်မှုအားနည်း နေသည်ကို တွေ့မြင်ရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခေါင်းဆောင်မှုမရှိဘဲ နောက်လိုက်ကောင်းအဖြစ် ရပ်တည်ဆောင်ရွက်ခြင်း၌ တက်ကြွမှုများပါသည်။ ကျေးရွာရှိ အမျိုးသမီးကလေးများသည်ရိုင်းစိုင်းသောအပြုအမူမရှိခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သူများဖြစ်၍ လူမှုရေးပြဿနာများကျေးရွာတွင် ပေါ်ပေါက်လေ့မရှိသည်ကိုတွေ့ရှိရပါသည်။ ထိုအချက်အလက်များအရ ၎င်းမိဘအုပ်ထိန်းသူ၏ စကားနာခံခြင်းတို့ကြောင့် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ ပြဿနာမပေါ်ပေါက်ခဲ့ကြောင်း၊ အိမ်ထောင်စုအတွင်းဖြစ်ပေါ်လာခဲ့လျှင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့မှ ခေါ်ယူဆုံးမသည်ကို တွေ့ရှိရပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | ၁၉၉၆ | | A | |
| ချဉ်းကပ်လမ်း | ၁ | ဆိုး | ၁၉၇၃ | | A | ၁မိုင် |
| ရွာချင်းဆက်လမ်း | ၁ | ကောင်း | ၂၀၁၅ | | A | ၁မိုင်ဖြာလုံ |
| အခြား | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ အဆောက်အအုံများသည် ၅၀ရာခိုင်နှုန်းမှာ ၄ပင်ပတ်လည်အမိုးသွပ်မိုးများဖြစ်ပြီး ကျန်၅၀ရာခိုင်နှုန်းမှာ ၃ပင်ပတ်လည်အိမ်ငယ်များဖြစ်ပါသည်။ မြေသားလမ်းကျေးရွာ မင်းဘူးသို့ သွားလျှင်၂မိုင်ခန့်သည်မြေသားလမ်း မြေနီခင်းဖြစ်ပါသည်။ ၎င်းလမ်းမှာ ကျယ်ဝန်းသော်လည်းလမ်း၏ ဖြစ်ပျက်မှုမှာ ချိုင့်ခွင်များ များပြားပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | ၂၀"(၃)လုံး | ကောင်း | ၁၉၇၅ | | A |
| အခြား | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာတွင် ကုန်းကျော်ရေပြွန်များသည်ဓါတ်ငွေ့ရည် စက်ရုံမှတည်ဆောက်ပေးသဖြင့် ခိုင်ခံ့မှုရှိပါသည်။ ထိုကဲ့သို့ ရေပြွန်များကောင်းမွန်သည့်အတွက် လမ်းများဖြတ်တောက်ခြင်း၊ သယ်ယူပို့ဆောင်မှု ခက်ခဲကြန့်ကြာခြင်း၊ ကုန်စည်ကူးသန်းသွားလာခြင်းတို့အား ခက်ခဲမှုမရှိဘဲ လျင်မြန်လွယ်ကူစွာ လုပ်ကိုင် ဆောင်ရွက်နိုင်ပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | ၃မိုင် | စက်လှေ | A | |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရေကြောင်းမှ ကျေးရွာနေပြည်သူများသွားရောက်ခြင်းမရှိပါ။ ကားလမ်းမမှသာမြို့များသို့ ၎င်း ကျေးရွာချင်းဆက် ကူးသန်းသွားလာခြင်းများ ပြုလုပ်ပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၁၁၇ | ၂၀၂ | ၆ | ၉ | ၄ | ၃၃ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာမှ မြို့များသို့ ကျန်းမာရေးအရသော်လည်းကောင်း ကုန်စည်ကူးသန်းရာတွင်လည်းကောင်းသွားလာရန်အတွက် လုံလောက်သော ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်းများရှိသဖြင့် အခက်အခဲမရှိပါ။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၁၂၀ | သင့် | ရှိ |
| ဆိုလာစနစ် | ၈ | ညံ့ | ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား | ၁၁၄ | ညံ့ | ငွေကြေးခက်ခဲမှု |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မင်းဘူးမြို့နယ်မှ ပို့လွှတ်သော EPC ဓါတ်အားလိုင်းမှာ 300KVA ဓါတ်အားဖြစ်သော်လည်း ကျေးရွာရှိ အိမ်ထောင်စု ၅၀ရာခိုင်နှုန်းသာ ဓါတ်အားသုံးစွဲနိုင်ကြောင်းကျန်၅၀ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုငွေကြေးမြင့်မားနေသည့်အတွက် စီးပွားရေးမပြည့်စုံသူနှင့် အစိုးရ ပင်စင်အငြိမ်းစားများ လိုအပ်သော်လည်း မီးသုံးစွဲနိုင်မှုမရှိခြင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၃၅၆ | ၄၈ | ၁၄၇ | ၂ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာနှင့်ဒမိုင်၅ဖာလုံအကွာတွင် ထပ်ဆင့်ဆက်သွယ်ရေးတိုင်များရှိ၍ အဆင်ပြေချောမွေ့ပါသည်။ထိုကဲ့သို့ဆက်သွယ်ရေးကြိယာများပေါများလာသည့်အတွက် ကျေးရွာနေအိမ်ထောင်စုများသည် စီးပွားရေးလုပ်ငန်းများသော်လည်းကောင်း၊ ကျန်းမာရေးအခက်အခဲများ၊ လူမှုရေးချိတ်ဆက်မှုများ လွယ်ကူသည်ကို တွေ့ရှိရပါသည်။.

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားခြင်း။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ဘာသာရေးပွဲတော်များ နှစ်စဉ်ကျင်းပပေးခြင်း။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | မင်းဘူးမြို့ရှိ အားကစားပစ္စည်းဆိုင်များတွင် ဝယ်ယူနိုင်ခြင်း |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်း |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဘာသာရေးပွဲများတွင် ရိုးရာအကများ ထည့်ထားပေးခြင်း။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | ကောင်း |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ လူငယ်အမျိုးသား၊ အမျိုးသမီးများသည် ဗုဒ္ဓဘာသာဝင်လူမျိုးများဖြစ်ခြင်း၊ အရှက်တရားနှင့် အကြောက်တရားကို နားလည်ခြင်း၊ ရွာဦးဆရာတော်များနှင့် ဆရာ၊ မိဘများ၏ သွန်သင်ဆုံးမမှုကြောင့်ယဉ်ကျေးသိမ်မွေ့ကြပါသည်။ လူငယ်ဖွံ့ဖြိုးရေးကဏ္ဍတွင် စာကြည့်တိုက်မရှိခြင်း ဗဟုသုတနည်းခြင်းတို့ကြောင့် လူငယ်ဖွံ့ဖြိုးမှု အားနည်းပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ | ဖုန်းတိုင်များရှိပြီး လိုင်းကောင်းပါသည် |

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| များအား လက်လှမ်းမီမှု | |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | ကျေးရွာသူ/သားများ အာမခံလုပ်ထားခြင်းမရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မီးသတ်ဌာန၊ ကြက်ခြေနီအသင်းများရှိသည်။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မန်းရေနံမြေရဲစခန်းနှင့်နီးပါသည်။ |
| အခြား | |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့စခန်းနှင့် ၁မိုင်ခန့်သာကွာ၍ အရေးအကြောင်း ကြုံတွေ့မည်ဆိုပါက အချိန်မီသတင်းပို့ခြင်း၊ လာရောက်ဖြေရှင်းပေးခြင်းကြောင့် ကြီးမားသောပြဿနာမပေါ်ပေါက်နိုင်ပါ။ အချို့ကိစ္စများအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ကျေးရွာဆယ်အိမ်ခေါင်းများ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ကျေးရွာတွင် ပြဿနာကြီးမားစွာမပေါ်ပေါက်သည်ကို တွေ့ရှိရပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၂ | ၂ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်/မတို့ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုများ မတွေ့ရပါ။

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ပညာရေး** | | | | | |
| | • ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိခြင်း | • ကျောင်းသားဦးရေ တိုးလာခြင်း၊<br>• ကျောင်းသင်ထောက်ကူ ပစ္စည်းများ မပြည့်စုံခြင်း | • ကျေးရွာတွင် ဆရာ/မ များနှင့် မိဘများပူး ပေါင်းဆောင်ရွက်နိုင် သည့် မိဘ၊ဆရာ အသင်းရှိခြင်း<br>• MPRLကုမ္ပဏီမှ သင် ထောက်ကူပစ္စည်း ထောက်ပံ့မှုရှိခြင်း | • ကျေးရွာတွင် စီးပွား ရေးခက်ခဲမှုရှိခြင်း ကြောင့် ကျောင်း မထားနိုင်ခြင်း<br>• ဆရာ၊မလုံလောက်မှု မရှိခြင်း | • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက် များတင်ပြတောင်းဆို ခြင်း<br>• မိဘ၊ဆရာအသင်းနှင့် မကြာခဏ ဆွေးနွေးပွဲ များပြုလုပ်ပေးခြင်း | • ထူးချွန်သည့် ကျောင်းသားများ မွေးထုတ်ပေးနိုင်သော ကျောင်း အဖြစ် ဖန်တီးတည်ဆောက်ခြင်း၊<br>- အဆောက်အဦးနှင့် သင် ထောက်ကူပစ္စည်းများ ပြည့်စုံစွဲရရှိအောင် ဆောင်ရွက်ခြင်း၊<br>- အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း<br>- ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေခြင်း |
| ၂ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | • ကျန်းမာရေးဆိုင်ရာ အသိပညာအားနည်း ခြင်း | • ကျန်းမာရေးဆိုင်ရာ အခြေခံပညာအားနည်း ခြင်း၊<br>• ဆေးရုံ၊ ဆေးခန်းသို့သွား ရောက်ကုသရန် ကြောက် ခြင်း | • မြို့နယ်ရှိ ဆေးရုံ၊ ဆေး ခန်းများနှင့် နီးကပ်ခြင်း<br>• ဆေးဝါးလိုအပ်ပါက အလွယ်တကူဝယ်ယူ ရရှိနိုင်ခြင်း | • ဆေးဝါးဝယ်ယူရန် ငွေကြေးအခက်အခဲ ရှိခြင်း<br>• သယ်ယူပို့ဆောင်ရေး မလွယ်ကူခြင်း | • ကျန်းမာရေးအသိပညာ ဗဟုသုတများရရှိစေရန် အသိပညာပေးဟောပြော ပွဲများ ပြုလုပ်ပေးခြင်း<br>• သယ်ယူပို့ဆောင်ရေး ချောမွေ့အောင် ဆောင် ရွက်ခြင်း | • ထိရောက်သည့်ကျန်းမာရေးဝန် ဆောင်မှုရရှိရန် ဆောင်ရွက်ခြင်း<br>- ကျန်းမာရေးအသိပညာ ပေးသင်တန်းများပို့ချခြင်း<br>- ကျန်းမာရေဝန်ထမ်းများမှ ရာသီအလိုက် ဖြစ်တတ် သော ကာကွယ်နည်းများ နှိုးဆော်ပြုလုပ်ပေးခြင်း |
| | • ရာသီအလိုက်ဖြစ်တတ် သော ရောဂါများဖြစ် ခြင်း(တုပ်ကွေး၊ သွေး လွန်တုပ်ကွေး၊ ငှက်ဖျား) | • ရာသီအကူးအပြောင်းက ရောဂါဖြစ်မှုကို အားပေး နေခြင်း<br>• ခြင်ပေါများခြင်း | | | • ရာသီအလိုက်ဖြစ်တတ် သောရောဂါများကို ကြို တင်နှိုးဆော်ကာကွယ်မှု များ ဆောင်ရွက်ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | • ပိုးနှင့်ရောဂါကျရောက်ခြင်း | • ရာသီဥတုမမှန်ခြင်း<br>• စိုက်ပျိုးဆေးသုံးစွဲရာတွင်ထိရောက်စွာမသုံးစွဲနိုင်ခြင်း<br>• ပိုးသတ်ဆေးသုံးစွဲရာတွင် နည်းလမ်းမမှန်ခြင်း | • စိုက်ပျိုးရေးဆေးကုမ္ပဏီများရှိခြင်း<br>• စိုက်ပျိုးရေးဌာနရှိခြင်း | • ဆေးဝယ်ယူသုံးစွဲရန်အတွက် ငွေကြေးလုံလောက်မှုမရှိခြင်း<br>• စိုက်ပျိုးရေးဦးစီးဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း<br>• စိုက်ပျိုးရေးဆေးကုမ္ပဏီများက မိမိဆေးရောင်းရရေးသာအလေးထားခြင်း | • စိုက်ပျိုးရေးဘဏ်ရှိခြင်း<br>• စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းပေးနိုင်ခြင်း<br>• ဆေးကုမ္ပဏီများမှ ဆေးပညာဗဟုသုတများဟောပြောခြင်း | • စိုက်ပျိုးရေးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း<br>- ကျေးရွာတွင် စိုက်ပျိုးရေးပညာရှင်များဖြင့် ဟောပြောပွဲပြုလုပ်ခြင်း<br>- စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- မျိုးကောင်းမျိုးသန့် ဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း |
| | • အထွက်နှုန်းလျော့ခြင်း | • အထွက်တိုးမျိုးစေ့များဝယ်ယူရန်ဈေးကွက်လက်လှမ်းမီမှုမရှိခြင်း<br>• မျိုးသန့်များကို စိုက်ပျိုးရေးခြံများမှ ထိရောက်မှုရှိသော မျိုးစေ့ထုတ်မပေးနိုင်ခြင်း | • မျိုးစေ့ရောင်းချသောဆေးဆိုင်နှင့် စိုက်ပျိုးရေးခြံများရှိခြင်း | • မျိုးစေ့ဝယ်ယူသုံးစွဲရန် အတွက်ငွေကြေးအခက်အခဲများ ကြုံတွေ့ရခြင်း<br>• မျိုးစေ့ဖြန့်ဖြူးသောဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | | |
| ၄ | **မွေးမြူရေးကဏ္ဍ** | | | | | |
| | • မွေးမြူရေးနည်းပညာအားနည်းခြင်း<br>• ရောဂါကျခြင်း | • နည်းပညာဝန်ဆောင်မှုအားနည်းခြင်း<br>• ကာကွယ်ဆေးပုံမှန်မထိုးခြင်း<br>• ခြံသန့်ရှင်းမှု အားနည်းခြင်း | • တိရစ္ဆာန်ကုဆရာဝန်များရှိနေခြင်း<br>• အခြားအဖွဲ့အစည်းများ ရှိခြင်း | • ငွေကြေးလုံလောက်မှုမရှိခြင်း<br>• အတတ်ပညာရှင်များနှင့် ချိတ်ဆက်ရန် ခက်ခဲခြင်း | • မွေးမြူရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ချိတ်ဆက်၍ ဝန်ဆောင်မှုပြည့်ဝစွာရရှိအောင်ဆောင်ရွက်ခြင်း<br>• ကာကွယ်ဆေးပုံမှန်ထိုးပေးခြင်း | • မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း<br>- ကာကွယ်ဆေးထိုးရန် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>- ဆေးကုသနိုင်ရန်မွေးမြူရေးပညာရှင်မားနှင့် ဆွေးနွေးတိုင်ပင်ခြင်း<br>- မွေးမြူရေးနည်းပညာပေးခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းကဏ္ဍ** | | | | | |
| | • အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | • ဒေသခံများပညာရေးအားနည်းခြင်း<br>• မြေ/ယာနည်းပါးခြင်း<br>• ဒေသတွင်း စက်ရုံ၊အလုပ်ရုံနည်းပါးခြင်း | • ဒေသတွင်း ကုမ္ပဏီများ လာရောက်ဖွင့်လှစ်လုပ်ကိုင်ခြင်း | • စက်ရုံ၊ အလုပ်ရုံများမှအလုပ်ခန့်အပ်မှုနည်းပါးခြင်း<br>• ကုမ္ပဏီများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • အလုပ်သမားရှာဖွေရေးရုံးနှင့် ချိတ်ဆက်၍လုပ်ငန်းရှာဖွေပေးခြင်း<br>• ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်း<br>• ကိုယ်ပိုင်ဈေးဆိုင်ဖွင့်ခြင်း<br>• စတိုးဆိုင်၊ ဈေးဆိုင်များရှိခြင်း | • အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာနိုင်ရန်တင်ပြတောင်းဆိုခြင်း<br>- လေဘာရုံးတွင် မှတ်ပုံတင်ခြင်း<br>- ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးစေလိုခြင်း<br>- ကိုယ်ပိုင်အိမ်တွင်းမှုစက်မှုလက်မှုအတတ်ပညာသင်တန်းများပေးစေခြင်း |
| ၆ | **ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍ** | | | | | |
| | • ကျေးရွာရှိအဖွဲ့အစည်းများ ညီညွတ်မှုမရှိခြင်း | • ငွေကြေးလုပ်ငန်းများတွင် ကျေးရွာသူ/သားများအား ပွင့်လင်းမြင်စွာချပြမှုမရှိခြင်း<br>• ညှိနှိုင်းဆွေးနွေးမှုအားနည်းခြင်း<br>• ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်း | • ရပ်ရေးရွာရေးကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ခြင်း | • အဖွဲ့အစည်းများရွေးချယ်ရာတွင် ကျေးရွာသူ/သားများအား ဆွေးနွေးတိုင်ပင်ပြီး ဖွဲ့စည်းမှု မရှိခြင်း<br>• ရွာသူ/သားများမှ ယုံကြည်မှုနည်းပါးခြင်း | • ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ပေးခြင်း<br>• ငွေကြေးကဏ္ဍများအားရှင်းလင်းအောင်ချပြပေးခြင်း<br>• အဖွဲ့အစည်းနှင့် ပတ်သက်သည့် စွမ်းဆောင်ရည်မြှင့်သင်တန်းများပို့ချခြင်း | • ကျေးရွာရှိအဖွဲ့အစည်းများအားစွမ်းဆောင်ရည်မြှင့်တင်ပေးရန်ဆောင်ရွက်ခြင်း<br>- ကျေးရွာသူ/သားများအား ကျေးရွာရှိအဖွဲ့အစည်းများ၏ ငွေကြေးကဏ္ဍများကို (၂)လတစ်ကြိမ်ရှင်းလင်းပေးစေခြင်း<br>- လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းပေးခြင်း<br>- ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ပေးနိုင်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၇ | **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | | | | |
| | • ချေးငွေများချေးယူရာတွင် လုံလောက်စွာ ထုတ်ချေးမပေးခြင်း | • အစိုးရဌာနချေးငွေများတွင် ကန့်သတ်ချက်ရှိခြင်း<br>• လယ်ယာမြေပုံစံခွန်မရှိခြင်း<br>• သတ်မှတ်အတိုးနှုန်းများခြင်း<br>• ပုဂ္ဂလိက ဘဏ်များမှ အာမခံမပါလျှင်မချေးခြင်း | • NGOကဲ့သို့သော အခြားအဖွဲ့အစည်းများမှ ချေးငွေများရရှိခြင်း | • ရုံးမှလယ်ယာမြေပုံစံခွန်များ လုပ်ဆောင်မပေးနိုင်ခြင်း<br>• အစိုးရချေးငွေဌာနများနှင့် ချိတ်ဆက်မှုမရှိခြင်း | • NGOအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• ပိုင်ဆိုင်မြေများအား ပုံစံခွန်ရရှိအောင်လုပ်ဆောင်ခြင်း<br>• ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့များနှင့်ဆက်သွယ်ခြင်း | • စိုက်ပျိုးရေးချေးငွေများလုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း<br>- သမအသင်းဝင်ဖြစ်အောင် ဆောင်ရွက်ခြင်း<br>- ဘဏ်များ၊ ပုဂ္ဂလိက ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း<br>- အစိုးရဌာနများမှ ထုတ်ချေးမှုများအား ပိုမို ထိရောက်လာစေရန်တင်ပြတောင်းဆိုခြင်း |
| ၈ | **လမ်းပန်းဆက်သွယ်မှုကဏ္ဍ** | | | | | |
| | • ရွာတွင်းလမ်းမကောင်းခြင်း<br>• ရွာချင်းဆက်လမ်းမကောင်းခြင်း | • မြေသားလမ်းဖြစ်နေခြင်း<br>• ငွေကြေးချို့တဲ့ခြင်း<br>• ကိုယ်ထူကိုယ်ထလမ်းဖြစ်နေခြင်း | • မန်းရေနံ MOGE မှ ပံ့ပိုးကူညီမှုရခြင်း<br>• ကျေးလက်ဦးစီးဌာနရှိခြင်း | • စည်းလုံးညီညွတ်မှုအားနည်းခြင်း<br>• ကျေးရွာစီမံခန့်ခွဲမှုအားနည်းခြင်း | • ကျေးရွာကော်မတီများဖွဲ့စည်းပြီး ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာသူ/သားများစည်းလုံးညီညွတ်မှုအားကောင်းခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>- လမ်း၊ တံတားများဆောက်လုပ်ပြုပြင်စေလိုခြင်း<br>- တိုင်းဒေသကြီးလွှတ်တော်များသို့ အကူအညီတောင်းရန် တင်ပြခြင်း<br>- ရွာသူ/သားများညီညွတ်မှုရှိအောင်ညှိနှိုင်းဆောင်ရွက်ခြင်း |

## အောက်ကျောင်းကျေးရွာ၊ မယ်ဘော့ကုန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစန်းမောင် | ဦးမြမောင် | ၈/မဘန(နိုင်)၀၈၂၆၉၂ | ၆၇ | ဥက္ကဋ္ဌ | ၀၉-၇၉၆၈၉၈၆၇၆ |
| ၂ | ဒေါ်ယုယုရွှေ | ဦးငယ် | ၈/မဘန(နိုင်)၀၆၄၇၄၆ | ၄၅ | အတွင်းရေးမှူး | ၀၉-၇၇၉၃၇၅၃၅၀ |
| ၃ | ဦးမောင်မောင်လင်း | ဦးသိန်းအောင် | ၈/မဘန(နိုင်)၀၁၂၆၆၂ | ၄၃ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၆၄၀၀၉၉၆ |
| ၄ | ဒေါ်သူဇာရှိန် | ဦးလှရှိန် | ၈/မဘန(နိုင်)၁၀၅၂၆၄ | ၃၀ | စာရင်းကိုင် | ၀၉-၂၅၉၀၃၇၄၀၂ |
| ၅ | ဦးမြင့်ရွှေ | ဦးစန်းမောင် | ၈/မဘန(နိုင်)၀၂၆၁၄၄ | ၃၆ | သော့ကိုင်(၁) | |
| ၆ | ဒေါ်စန်းစန်းမြင့် | ဦးစိုးဝင်း | ၈/မဘန(နိုင်)၀၀၂၆၇၆ | ၄၀ | သော့ကိုင်(၂) | ၀၉-၂၅၉၀၇၀၉၆၆ |
| ၇ | ဒေါ်အေးမွန် | ဦးကုလားကြီး | ၈/မဘန(နိုင်)၀၉၃၉၆၂ | ၃၂ | အဖွဲ့ဝင် | ၀၉-၂၅၆၆၃၇၉၀၃ |
| ၈ | ဦးသင်းမောင် | ဦးစိန်သော် | ၈/မဘန(နိုင်)၀၃၀၄၅၁ | ၄၅ | အဖွဲ့ဝင် | |
| ၉ | ဦးအောင်ဆန်းဝင်း | ဦးဝင်းငွေ | ၈/မဘန(နိုင်)၀၃၀၇၉၃ | ၄၀ | အဖွဲ့ဝင် | ၀၉-၄၀၁၆၃၃၅၈၆ |
| ၁၀ | ဦးကျော်လွင် | ဦးမြမောင်း | ၈/မဘန(နိုင်)၀၃၀၇၇၄ | ၄၀ | အဖွဲ့ဝင် | |
| ၁၁ | ဒေါ်စန္ဒာဝင်းဆွေ | ဦးလှကြည်ကြီး | ၈/မဘန(နိုင်)၀၇၂၈၇၈ | ၃၅ | အဖွဲ့ဝင် | ၀၉-၂၅၂၇၁၈၆၈၄ |
| ၁၂ | ဒေါ်စန်းစန်းမော် | ဦးအောင်တင့် | ၈/မဘန(နိုင်)၀၀၂၆၈၅ | ၄၃ | အဖွဲ့ဝင် | ၀၉-၇၈၉၀၉၂၀၉၆ |
| ၁၃ | ဒေါ်သွယ်သွယ်ဝင်း | ဦးခိုင်ဦး | ၈/မဘန(နိုင်)၁၅၆၈၈၈ | ၂၀ | အဖွဲ့ဝင် | ၀၉-၇၉၉၁၂၈၃၁၂ |
| ၁၄ | ဦးရွှေ | ဦးစံလှိုင် | ၈/မဘန(နိုင်)၀၁၀၉၄၉ | ၃၄ | အဖွဲ့ဝင် | |
| ၁၅ | ဦးအောင်နိုင်လင်း | ဦးသန်းကျော် | ၈/မဘန(နိုင်)၀၇၅၈၆၃ | ၃၃ | အဖွဲ့ဝင် | ၀၉-၉၇၆၄၃၇၃၆၆ |